ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 10 June 2026 ၁၂၂၀၅

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့**

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့ အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သော တာဝန်တစ်ရပ် ဖြစ်သည်။**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့အနေဖြင့် ရွေးကောက်ခံအစိုးရဖြစ်ပြီး ပြည်သူများကရွေးချယ်ထားသည့် ပြည်သူ့အစိုးရဖြစ်ကာ ပြည်သူများ၏ကိုယ်စား နိုင်ငံ့အကျိုးကိုထမ်းဆောင်ကြရမည့်၊ ပြည်သူတို့၏အကျိုးကို ဖော်ဆောင်ကြရမည့်အစိုးရဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် တာဝန်ထမ်းဆောင်သွားကြရန်လို

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ရန်ကုန်-ကွမ်ကျိုး လေကြောင်းခရီးစဉ်များ ဇွန်လအတွင်း တစ်ပတ်လျှင် ၁၀ ကြိမ်အထိ ပျံသန်းသွားရန်ရှိ




China Southern Airlines မှ ဧည့်ဝတ်ပျူငှာသော လေယာဉ်မယ်များကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၉**

ရန်ကုန်မြို့နှင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့အကြား ပြေးဆွဲလျက်ရှိသည့် လေကြောင်းခရီးစဉ်များကို ဇွန်လအတွင်း တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ပြီး တစ်ပတ်လျှင် ၁၀ ကြိမ်အထိ ပျံသန်းသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ လေကြောင်းလိုင်းများ၏ ထုတ်ပြန်ချက်အရ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❖

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs)ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေး**

ပြည်တွင်းရေးရာ စာမျက်နှာ » ၈

**မြန်မာ့ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းများကို ခေတ်မီဒီဂျစ်တယ်စနစ်ဖြင့် ရေရှည်ထိန်းသိမ်းနိုင်ရေး အိန္ဒိယကူညီမည်**

ပြည်တွင်းရေးရာ စာမျက်နှာ » ၉

## ၁၁၈ မဂ္ဂါဝပ်ကျော်ထုတ်လုပ်နိုင်မည့် သထုံသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဩဂုတ်လတွင် ပြန်လည်လည်ပတ်မည်

**ရန်ကုန် ဇွန် ၉**

မွန်ပြည်နယ် သထုံမြို့နယ် ကြာပန်းကျေးရွာရှိသထုံသဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို လာမည့်ဩဂုတ်လအတွင်း ပြန်လည်လည်ပတ်နိုင်ရေးအတွက် ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳

ကြေးမုံ

# မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးသည် ၂၀၂၆ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် (၇၆)နှစ် ပြည့်မြောက်ပြီဖြစ်သည်။ နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို ၁၉၅၄ ခုနှစ်တွင် ချမှတ်နိုင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် အပြည့်အဝထောက်ခံကြိုးပမ်းပေးခဲ့သည်။ (၇၆)နှစ်တာကာလအတွင်း နှစ်နိုင်ငံအစိုးရများ၊ ပြည်သူများနှင့် အလွှာအသီးသီးအကြား ဆက်ဆံရေးသည် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်သည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် စံနမူနာပြဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် “တရုတ်တစ်နိုင်ငံတည်းမူဝါဒ”ကို အခြေခံကျသည့်မူဝါဒအဖြစ် ခိုင်မာစွာ ကျင့်သုံးလျက်ရှိသည်။ ရှေ့ဆက်၍လည်း နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုစေရန်အတွက် “တရုတ်တစ်နိုင်ငံတည်းမူဝါဒ”ကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန် တရုတ်နိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား “ဆွေမျိုးပေါက်ဖော်” ချစ်ကြည်ရင်းနှီးမှုသည် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်တွင် စိန်ရတုအခါသမယ ပြည့်မြောက်ခဲ့ပြီး ဆက်လက်ရှင်သန် တိုးတက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မန္တလေးငလျင်ကြီးလှုပ်ခတ်အပြီး နောက်တစ်ရက်၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းသည် နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့်စိတ်ဓာတ် ခိုင်မာမြဲမြံသောချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်ဖော်ပြခြင်းပင်ဖြစ်သည်။ အရေးအကြီးဆုံးအချိန်တွင် ငလျင်ဒဏ်ခံစားကြရသည့် မြန်မာပြည်သူများအား ရှာဖွေကယ်ဆယ်ကူညီပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရမည်ဖြစ်သည်။ ထို့အပြင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ်ယွမ်ငွေ ၁ ဒသမ ၁ ဘီလီယံတန်ဖိုးရှိသည့် အရေးပေါ်လူသားချင်းစာနာထောက်ထားမှု အကူအညီများကို တရုတ်နိုင်ငံက မိတ်ဆွေကောင်းပီသစွာဖြင့် မြန်မာနိုင်ငံအတွက် ပေးအပ်ခဲ့သည်။

အခက်ခဲဆုံးအချိန်တွင်ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်သောကြောင့် တရုတ်နိုင်ငံ၏ အချိန်မီကူညီပံ့ပိုးမှုများသည် မြန်မာနိုင်ငံအစိုးရနှင့် သဘာဝဘေးဒဏ်ခံစားကြရသည့် ပြည်သူများအတွက် များစွာခွန်အားဖြစ်စေသည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများအတွက်လည်း စဉ်ဆက်မပြတ်ပေးအပ်လျက်ရှိသည်။ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသသည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသူ နိုင်ငံသားများကိုယ်စား ကျေးဇူးတင်ရမည်ဖြစ်သည်။ အခက်အခဲ ဒုက္ခဆင်းရဲရောက်နေချိန်တွင် အကူအညီပေးသူသည် မိတ်ဆွေကောင်းပင်ဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေး (၇၆)နှစ်မြောက် အခါသမယတွင် မြန်မာ-တရုတ် နှစ်နိုင်ငံပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ-တရုတ် အနာဂတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကိုမြှင့်တင်နိုင်ရေးတို့အတွက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ-တရုတ် နှစ်နိုင်ငံသည် ရေမြေတောတောင်ချင်းထိစပ်နေရုံသာမက ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုအပိုင်းတွင်လည်း အလွန်နက်ရှိုင်းသည့် တူညီသောအချက်များရှိသည်။ ၂၀၁၆ ခုနှစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ကမ္ဘာ့အမွေအနှစ် “ပုဂံသဗ္ဗညုဘုရားကြီး”ကို တရုတ်နိုင်ငံ၏ နည်းပညာ၊ ရန်ပုံငွေများဖြင့် ပူးပေါင်းပြုပြင်ထိန်းသိမ်းခြင်းသည် နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များအား တန်ဖိုးထားခြင်းကို ညွှန်းဆိုဖော်ပြလျက်ရှိသည်။

ထို့အပြင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုကိုအခြေခံသည့် အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်။ နှစ်နိုင်ငံပြည်သူများ နှစ်သက်လက်ခံကြသဖြင့် အနုပညာဖန်တီးမှုများမှတစ်ဆင့် ယဉ်ကျေးမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုရှင်သန်ဖွံ့ဖြိုးလာခဲ့သည်။ မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၆)နှစ်မြောက်အခါသမယတွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား၊ နှစ်နိုင်ငံအစိုးရများအကြား၊ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ခိုင်မာလာပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲကာ အစဉ်အမြဲရပ်တည်နေထိုင်လျက်ရှိပါကြောင်း။ ။

## ဟသ်ာတမြို့၌ ပျားမွေးမြူရေး ပြည်သူပညာပေး သင်တန်းဖွင့်

ဟသ်ာတ ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဇွန် ၈ ရက်တွင် ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းကို ဖွင့်လှစ်သည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာအောင်သူမျိုးက ပျားမွေးမြူရေးသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဟသ်ာတခရိုင်အတွင်းရှိ ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်နှင့် ဟသ်ာတမြို့နယ်တို့မှ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူ ၂၀ တို့အား ပျားမွေးမြူရေးဌာနမှ တာဝန်ရှိသူများက နှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သထုံမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

သထုံ ဇွန် ၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၈ ရက် နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးကျော်ညီညီလတ်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးတင်ထွန်းက မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသိကောင်းစရာများနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသံစဉ်မှူးက ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေနေထိုင်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## (၉-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၆ ~ ၃၆၆၉ | ၅၅၇.၉ ~ ၅၅၈.၇ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၉၄၉,၀၄၇.၀၆ | ၂,၇၂၂,၄၂၉.၁၀ | ၂၂,၄၁၆,၇၀၁.၇၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ကားအပိုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၂.၆၁ သန်းအား ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၉ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၆ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၉,၀၀၀ | ၂၀,၀၀၀ | ၃,၁၀၀ | ၆၀,၈၆၇,၀၀၀ |
| MTSH | ၉,၆၀၀ | ၉,၉၀၀ | ၆,၈၄၄ | ၆၇,၉၁၃,၁၀၀ |
| MCB | ၁၅,၅၀၀ | ၁၅,၅၀၀ | ၃၉၈ | ၆,၁၈၂,၀၀၀ |
| FPB | ၈,၇၀၀ | ၈,၇၀၀ | ၈,၂၄၄ | ၇၂,၃၀၅,၀၀၀ |
| TMH | ၃,၇၀၀ | ၃,၆၅၀ | ၂,၂၈၀ | ၈,၄၃၄,၅၀၀ |
| EFR | ၂,၁၀၀ | ၂,၄၀၀ | ၁၆,၈၁၂ | ၃၈,၀၉၂,၁၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၁၂၆ | ၅၄၁,၈၀၀ |
| MAEX | ၆,၈၀၀ | ၆,၈၀၀ | ၂,၈၀၆ | ၁၉,၂၅၆,၄၀၀ |
| MADPL(PLB) | ၈,၅၀၀ | ၈,၇၀၀ | ၁,၁၂၇ | ၉,၇၃၉,၉၀၀ |
| ASPGB(PLB) | ၅၁,၀၀၀ | ၅၃,၀၀၀ | ၁၇၉ | ၉,၄၂၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

**နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်သူများတွင် ဥစ္စာခနများ ပေါများခြင်းပင်ဖြစ်**

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့၏ အဓိကလုပ်ငန်းမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုရှိစေရေး အတွက်လည်း ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းသည်ပြည်သူများတွင်ဥစ္စာခနများပေါများစေခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥစ္စာခနများ ပေါများစေရေးအတွက် အစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရသည်များရှိသကဲ့သို့ ပြည်သူလူထုအနေ ဖြင့်လည်း ကိုယ်တိုင်ကိုယ်ကျ ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် စိန်ခေါ်မှုများစွာရှိနေပြီး လိုအပ်ချက်များလည်းရှိကြောင်း၊ အစိုးရ၏အားနည်းချက်များကို အမြဲပြင်ဆင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မကြာမီရက်ပိုင်းအတွင်းက မိမိအနေဖြင့် တောင်ငူဒေသသို့ သွားရောက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး နွေစပါးစံကွက်ရိတ်သိမ်းခြင်းဆောင်ရွက်နေမှု၊ သီးနှံပင်များအတွက် အလွယ်တကူ သုံးစွဲနိုင်သည့် တန်ဖိုးနည်းသဘာဝပိုးသတ်ဆေးနှင့် အာဟာရဖျော်ရည်များ ထည့်သွင်းမြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် စပါးခွံမီးသွေးထုတ်လုပ်မှု သရုပ်ပြသခြင်းတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ခရိုင်များအလိုက်ဖွင့်လှစ်ထားသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာ တက်ရောက် ပညာသင်ယူကြစေရေး အားပေးတိုက်တွန်းဆောင်ရွက်စေလိုကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့ကို နှိုင်းယှဉ်ပါက မွေးမြူရေးကဏ္ဍတွင် လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုအားနည်းလျက်ရှိနေသည်ကို တွေ့မြင်ရကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် ပြည်သူများအနေဖြင့် အသား၊ ငါး၊ နို့နှင့် ဥအမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းများဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်များကို လိုအပ်သည့် ပမာဏအလိုက် မျှမျှတတစားသုံးနိုင်ရန်လိုကြောင်း၊ ထိုသို့ စားသုံးနိုင်မှသာလျှင် ကျန်းမာကြံ့ခိုင်သန်စွမ်းသည့် ကိုယ်ခန္ဓာနှင့် ကျန်းမာရေးညီညွတ်မျှတမှုကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အသား၊ ငါးတို့ကို စားသုံးခြင်းမှ ရရှိလာမည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကိုလည်း မှန်မှန်ကန်ကန် သိရှိနိုင်ရေးနှင့် ပြည့်ပြည့်ဝဝစားသုံးတတ်စေရေး အသိပညာပေးခြင်းများလည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရှိစေရေးနှင့် ပြည်တွင်းစားသုံးမှုဖူလုံမှုရှိစေရေး၊ အသား၊ ငါးများအား ပြည်ပသို့တင်ပို့နိုင်ရေး စနစ်တကျကြိုးစားအားထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကျောင်းနေအရွယ်ကလေးငယ်အားလုံး ကျောင်းနေနိုင်ရေးအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလို**

ပညာရေးနှင့် ပတ်သက်၍ ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ယနေ့အချိန်အထိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အပါအဝင် ကျောင်းသား ကျောင်းသူ ၆ ဒသမ ၇ သန်းကျော် ကျောင်းအပ်နှံခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းအပ်ရာခိုင်နှုန်းများ တိုးတက်လာသည်ကိုတွေ့ရှိရကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်အားလုံး ကျောင်းနေနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပိတ်ထားရသည့် ကျောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပြီး ကျောင်းနေရာခိုင်နှုန်းများတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

အခြေခံပညာ ကျောင်းများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့် စံကိုက်ကျောင်းများဖြစ်ရန်လိုကြောင်း၊ သို့မှသာ ပညာသင်ကြားမှုများ အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ စာသင်ကျောင်း အဆောက်အအုံများ တည်ဆောက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ရန်နှင့် ရေရှည်အတွက် Master Plan များ စနစ်တကျ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများ စနစ်တကျဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့များအနေဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မီသည့် ပညာရေးစနစ်ကို ဆောင်ရွက်ရာတွင် ရုပ်ပိုင်းဆိုင်ရာများ စနစ်တကျဖြစ်ရန်လိုသကဲ့သို့ သင်ကြားရေးပိုင်း ဆိုင်ရာများကိုလည်း စနစ်တကျဖြင့် ထိထိရောက်ရောက် သင်ကြားပြသပေးနိုင်ရန်လိုကြောင်း၊ ထိုကဲ့သို့ မှန်ကန်ထိရောက်သည့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဆောင်ရွက်ထားရှိမှသာ နောင် ၁၀ နှစ်ခန့်တွင် နိုင်ငံအတွက် အသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရှိပြီး ဖြစ်သည့် မျိုးဆက်သစ်များ ထွက်ပေါ်လာမည်ဖြစ်ကြောင်း။

ပညာရေးတွင် မူလတန်းအဆင့်ပညာရေးရှိသူ၊ အလယ်တန်းအဆင့် ပညာရေးရှိသူ၊ အထက်တန်းအဆင့်ပညာရေးရှိသူဟူ၍ သုံးပိုင်းတွေ့ရမည်ဖြစ်ပြီး ၎င်းတို့အဆင့်အလိုက် ဆောင်ရွက်၍ရနိုင်သည့် လုပ်ငန်းများကိုလည်း ခွဲခြမ်း၍ရနိုင်မည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ပညာရေးအားနည်းသူများသည် သာမန်အလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပြီး မိမိတို့နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်ရှိကြောင်း၊ ၎င်းတို့အတွက် လုပ်ငန်းခွင်ဆိုင်ရာသင်တန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလယ်တန်းအဆင့်ရှိသူများသည်လည်း အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ ကန့်သတ်ချက်များရှိမည်ဖြစ်ကြောင်း၊ ပညာရေးအရ အဆင့်မြင့်တန်းအဆင့်တွင် ရှိသူများအနေဖြင့် အလုပ်အကိုင်များစွာရှိမည်ဖြစ်ပြီး ၎င်းတို့၏ ကြိုးစားအားထုတ်မှုများအလိုက် နယ်ပယ်အသီးသီးတွင် အောင်မြင်သူများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တိုင်းပြည်၏ ပညာရေးကိုမဖြစ်မနေ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးအဆင့်မြှင့်တင်မှုကို အထောက်အကူပြုရန်အတွက် တက္ကသိုလ်များအားလုံးတွင် ဥပဒေတွဲ့နှင့် စီးပွားရေးဆိုင်ရာဘွဲ့များကို သင်ကြားစေခဲ့ကြောင်း၊ ထိုသို့သင်ကြားပေးခြင်းဖြင့် ဥပဒေအမြင်နှင့် စီးပွားရေးအမြင်များ ရှိလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဥပဒေပညာနှင့် စီးပွားရေးပညာ တတ်ကျွမ်းသူများ ပေါကြွယ်ဝစွာ မွေးထုတ်ပေးခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အခြားဘာသာရပ်များအလိုက်လည်း ထူးချွန်သည့်သူများကို မွေးထုတ်ပေးနိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**MSME လုပ်ငန်းသည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းဖြစ်**

နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိအခြေအနေနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များသည် MSME လုပ်ငန်းများအတွက်မဖြစ်မနေလိုအပ်ကြောင်း၊ ပြီးခဲ့သည့်နှစ်များမှစတင်၍ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ MSME ကုန်ထုတ်လုပ်ငန်းများကိုလည်း နိုင်ငံ၏အဓိကစီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်လာအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ၏အခြေအနေအရ MSME ကို ဗဟိုပြု၍ နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အလားတူ အကြီးစားစီးပွားရေးလုပ်ငန်းများဖြစ်သည့် သံနှင့် သံမဏိလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာပစ္စည်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်းများစသည့် နည်းပညာကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို အဆင့်မြင့်ပညာပြီးဆုံးပြီးဖြစ်သည့် ပညာတတ်လူသားအရင်းအမြစ်များဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမှသာ နိုင်ငံ၏ GDP လည်း တိုးတက်လာမည်**

နိုင်ငံအတွင်းရှိပုဂ္ဂလိကပိုင်စက်ရုံများ၊ နိုင်ငံပိုင်စက်ရုံများအားလုံး စဉ်ဆက်မပြတ်လည်ပတ်နေရန်လိုပြီး ကုန်ထုတ်စွမ်းအားများ ပြည့်မီအောင် ဆောင်ရွက်နေရန်လိုကြောင်း၊ စက်ရုံများလည်ပတ်မှုမရှိဘဲ ရပ်နားထားရခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုများပင် ဖြစ်ကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမှသာ နိုင်ငံ၏ GDP လည်းတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လုပ်ငန်းဆောင်ရွက်မှုစွမ်းပကားများ မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် မြေနှင့်ရေကို အကျိုးရှိစွာအသုံးချ**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရေကိုအကျိုးရှိစွာဖြင့် စနစ်တကျအသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေနှင့် အောင်ရေရရှိရေးသည် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်တွင်ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် သဘာဝအရင်းအမြစ်များဖြစ်သော မြေနှင့်ရေတို့ကို အကျိုးရှိရှိနှင့် မှန်မှန်ကန်ကန် အသုံးချနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပညာရှင်များဖြင့် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူတစ်ဦးကဲ့သို့ စဉ်းစား၍ ဂရုစိုက်ဆောင်ရွက်ကြရန်လိုပြီး လူတစ်ဦးရှင်သန်ရေး၊ ကျန်းမာကြံ့ခိုင်ရေးတို့အတွက် လိုအပ်သည့် ရေ၊ အစားအစာနှင့် ကျန်းမာရေးဂရုပြုမှုများ အမြဲမပြတ် ဆောင်ရွက်ပေးရန်လိုသကဲ့သို့ စိုက်ပျိုးရေး လုပ်ငန်းတွင်လည်း ထိုနည်းတူပင်ဖြစ်ကြောင်း၊ မြေကိုတန်ဖိုးရှိစွာဖြင့် အသုံးချရန်လိုပြီး မြေဆီမြေဩဇာများ ကောင်းမွန်အောင် မြေကိုပြုပြင်ဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မြေဆီဩဇာကောင်းနှင့် ရေအရင်းအမြစ်ရရှိနိုင်ရန် ခက်ခဲသည့် နိုင်ငံများ၌ပင် ခေတ်မီနည်းပညာများကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ရေကိုအကျိုးရှိစွာ အသုံးချရန်နှင့် ပတ်သက်၍ မိမိတို့တစ်နိုင်ငံလုံးရှိ မြစ်ချောင်းများမှ စီးဆင်းလာသည့် ရေများ၏ ၂၀ ရာခိုင်နှုန်းခန့်ကိုသာ ပြန်လည်အသုံးချနိုင်ပြီး ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းခန့်မှာ အသုံးပြုနိုင်မှုမရှိသေးသည်ကို အချက်အလက်များအရ သိရှိရကြောင်း၊ အဆိုပါရေများကို စိုက်ပျိုးရေးလုပ်ငန်းများနှင့် အခြားအကျိုးရှိသည့် နေရာများတွင် အသုံးချနိုင်ရန်လိုကြောင်း၊ အပြည့်အဝအသုံးချနိုင်ရန်အတွက် ရေသိုလှောင်ထိန်းသိမ်းရန် နေရာများ လိုအပ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝ ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များရှိနေသည့် အချို့ဒေသများ၌ မြစ်ချောင်းများအနီး တရားမဝင် ရွှေတူးဖော်သည့်လုပ်ငန်းများကို အလွန်အကြူး လုပ်ဆောင်လာမှုများကြောင့် မြစ်ချောင်းများတိမ်ကောခြင်း၊ နုန်းပို့ချမှုများပြားခြင်းနှင့် ရေစီးကြောင်းပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဒေသအလိုက်မှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နိုင်ငံ၏အဖိုးတန်ရေသယံဇာတများ ပျက်စီးမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေး၊ ရေကြီးရေလျှံခြင်းများ မဖြစ်ပေါ်စေရေးတို့အတွက် တရားမဝင်ရွှေတူးဖော်ခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့်လည်း မိမိတို့ဒေသအလိုက် တရားမဝင်ရွှေတူးဖော်ခြင်းများလုပ်ဆောင်မှုမရှိစေရေး သက်ဆိုင်ရာသို့ သတင်းပေးပို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွားကို ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းနိုင်ရန်လိုကြောင်း၊ နိုင်ငံအတွင်းရှိမြစ်ချောင်းများ၌ နုန်းဆယ်ခြင်းလုပ်ငန်းများ၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး ရေသယံဇာတကို အကျိုးရှိရှိ အသုံးချသွားနိုင်ရေး စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြစ်ချောင်းများ၌ မြေအောက်တမံများ တည်ဆောက်၍ ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်ပြီး မြေဆီ၏အစိုဓာတ်ကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေအရင်းအမြစ်များကို လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရေသုံးစွဲရာတွင် အဟောသိကံအသုံးပြုခြင်း မဖြစ်စေဘဲ

စာမျက်နှာ ၄ သို့ ☆

> ☆ **ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ယနေ့အချိန်အထိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အပါအဝင် ကျောင်းသား ကျောင်းသူ ၆ ဒသမ ၇ သန်းကျော် ကျောင်းအပ်နှံခဲ့**
>
> ☆ **စာသင်ကျောင်းများ စနစ်တကျဖြစ်စေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့များအနေဖြင့် ဆောင်ရွက်သွားကြစေလို**
>
> ☆ **မိမိတို့အနေဖြင့် အဆင့်မီသည့် ပညာရေးစနစ်ကို ဆောင်ရွက်ရာတွင် ရုပ်ပိုင်းဆိုင်ရာများ စနစ်တကျဖြစ်ရန်လိုသကဲ့သို့ သင်ကြားရေးပိုင်းဆိုင်ရာများကိုလည်း စနစ်တကျဖြင့် ထိထိရောက်ရောက် သင်ကြားပြသပေးနိုင်ရန်လို**
>
> ☆ **မှန်ကန်ထိရောက်သည့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ထားရှိမှသာ နောင် ၁၀ နှစ်ခန့်တွင် နိုင်ငံအတွက် အသီးအပွင့်များကို ခံစားနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့် မျိုးဆက်သစ်များ ထွက်ပေါ်လာမည်**

☆ စာမျက်နှာ ၃ မှ

ရေသုံးစွဲမှုများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်တတ်သည့် ပညာရပ်များကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများအပါအဝင် စာသင်ကျောင်းများ၌ သင်ကြားပေးသွားကြရန်လိုကြောင်း၊ ရေအရင်းအမြစ်များကို အကျိုးရှိရှိစီမံအသုံးချနိုင်မှုမရှိဘဲ အထက်မှအောက်သို့ စီးဆင်းကာ မြစ်ချောင်းများအတွင်း စီးဝင်ခြင်း၊ ထိုမှတစ်ဆင့် ပင်လယ်အတွင်းသို့ ရောက်ရှိသွားခြင်းသည် နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးမှုတစ်ခုပင်ဖြစ်သည်ကို သိရှိနားလည်ကြရန်လိုကြောင်း။

နိုင်ငံတွင်းရှိ မြစ်များ၊ ချောင်းများအတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ကြောင်း၊ သို့သော်လည်း ရေရှည်ဖြစ်ပေါ်လာမည့်အကျိုးရလဒ်ကို သိရှိနားလည်ခြင်းမရှိဘဲ နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည့်အရေးကို မလိုလားကြသည့် ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်နေကြသူများ၏ စကားများကိုနားယောင်ကာ ကန့်ကွက်ခဲ့မှုများကြောင့် နိုင်ငံတော်တွင်ဖြစ်ပေါ်လာခဲ့သင့်သည့် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း စီမံကိန်းကြီးများသည် ယခုအချိန်အထိ နှောင့်နှေးနေရဆဲဖြစ်ကြောင်း၊ ကန့်ကွက်မှုများမရှိခဲ့ပါက ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ရရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရှည်ကို မြော်တွေး၍ အားလုံးက စဉ်းစား ဆောင်ရွက်ကြရန်လိုကြောင်း။

**ဒေသအလိုက်မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လို**

မွေးမြူရေးနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်တွင် မွေးမြူရေးဇုန်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ဇုန်များအလိုက် သတ်မှတ်ထားသည့်အတိုင်း မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွင်း အသား၊ ငါးများ၏ဈေးနှုန်းများမှာ ထိုက်သင့်သလောက် ကျဆင်းလာမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသည် အရင်းအနှီး ကြီးမားသည်ဖြစ်သော်လည်း စနစ်တကျ စီမံဆောင်ရွက်သွားမည်ဆိုပါက အကျိုးအမြတ်များစွာရရှိစေနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အလုပ်ကိုအမှန်တကယ် အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အစိုးရအနေဖြင့် မြစ်ချောင်းများအတွင်းသို့ ငါးသယံဇာတများကို နှစ်စဉ်ထည့်သွင်းပေးလျက်ရှိကြောင်း၊ အားလုံးအမှန်တကယ် အလုပ်လုပ်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း လုပ်ငန်းဆောင်ရွက်နိုင်သူများက မွေးမြူရေးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို အချိန်နှင့် တစ်ပြေးညီ မှန်မှန်ကန်ကန် သိရှိအောင်ဆောင်ရွက်**

လက်ရှိအချိန်တွင် ကျောင်းများဖွင့်လှစ်သင်ကြားလျက်ရှိနေပြီဖြစ်သဖြင့် သင်ကြားရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ ဘေးကင်းလုံခြုံစွာ စာပေသင်ကြားနိုင်ရန်လိုကြောင်း၊ အထူးသဖြင့် အဖျက်အမှောင့်လုပ်ငန်းများ ဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ လုံခြုံရေးကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်သိရှိအောင် ဆောင်ရွက်ထားရန်နှင့် အထက်ဌာနများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အခြေအနေမှန်များကို အချိန်နှင့်တစ်ပြေးညီသိရှိမှသာလျှင် အမြန်ဆုံးနှင့် အမှန်ကန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ဝန်ကြီးဌာနအလိုက်၊ ဒေသများအလိုက် မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေအနေမှန်များကို သိရှိနားလည်အောင် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ထိတွေ့ဆက်ဆံခြင်းများဖြင့် ကွပ်ကဲကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရမည် ဖြစ်သကဲ့သို့ ဝန်ထမ်းများအချင်းချင်း ညီညွတ်မှုတစ္စာဖြင့်အထက်အောက် ကွပ်ကဲအုပ်ချုပ်သွားရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ရွေးကောက်ခံအစိုးရဖြစ်ပြီး ပြည်သူများမှ ရွေးခြယ်ထားသည့် ပြည်သူ့အစိုးရဖြစ်ကြောင်း၊ ပြည်သူများ၏ကိုယ်စား နိုင်ငံ့အကျိုးကိုထမ်းဆောင်ကြရမည့် ပြည်သူ့တို့၏အကျိုးကို ဖော်ဆောင်ကြရမည့်အစိုးရဖြစ်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် တာဝန်ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများအချင်းချင်း ညီညွတ်မှုတစ္စာဖြင့် အထက်အောက်ကွပ်ကဲအုပ်ချုပ်သွားရန်လိုကြောင်း၊ ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများအား ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားရန်လို ကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကောင်းစွာ သိရှိနားလည်နေရမည်ဖြစ်သကဲ့သို့ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်း လိုကြောင်း။

သုတေသန လုပ်ငန်းများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းသည် လုပ်ငန်းတစ်ခု အောင်မြင်မှုရှိစေရေး အတွက် ကြိုတင်လေ့လာဆန်းစစ် ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ လက်တွေ့ဆောင်ရွက်နိုင်သည်များကို သုတေသနပြု ဆောင်ရွက်သွားရန်လိုပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ စက်မှုလက်မှု၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှု အပါအဝင် ပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့အသုံးချနိုင်သည်များကို အမြဲဆန်းစစ်သုတေသနပြုလုပ်နေရန်လိုကြောင်း၊ သုတေသနလုပ်ငန်းများကို ဝန်ကြီးဌာနများအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

ဘဏ္ဍာငွေများ အသုံးချမှုနှင့် ပတ်သက်၍လည်း ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း၊ အသုံးချနိုင်မှုမရှိဘဲ ပိုလျှံရန်ပုံငွေစာရင်းသို့ ပြန်လည်အပ်နှံခြင်းသည် နိုင်ငံအတွက် နစ်နာဆုံးရှုံးမှုပင်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုပေးထားသည့်ဘဏ္ဍာငွေများအား သတ်မှတ်ကာလအတွင်း သုံးစွဲနိုင်မှုမရှိပါကလည်း ဆောလျင်စွာပြန်လည်အပ်နှံသွားရန်လိုပြီး ထိုသို့ဆောင်ရွက်မှသာ နိုင်ငံတော်အတွက် လိုအပ်သည့် အခြားနေရာများ၌ လွှဲပြောင်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူလူထုအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ ကောင်းမွန်စေရေး၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဝန်ဆောင်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဘဏ္ဍာငွေများကို အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း၊ ထို့ပြင် ခွင့်ပြုပေးထားသည့် ဘဏ္ဍာငွေများအား အလွဲသုံးစားခြင်းများ မရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်နေသည်များရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လုံခြုံရေးပိုင်းဆိုင်ရာအရ စစ်ဆေးကြပ်မတ်ခြင်းသာဖြစ်ရန်လိုပြီး ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်လိုကြောင်း၊ လုံခြုံရေးအရ၊ တရားမဝင် ကုန်စည်စီးဆင်းမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတို့အရ စစ်ဆေးခြင်းများဆောင်ရွက်သည်ကို လက်ခံ၍ရသော်လည်း တရားမဝင် ငွေကြေးကောက်ခံခြင်းများ မဖြစ်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးဝန်ထမ်းများအတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် လစာနှုန်းထားနှင့် ထောက်ပံ့ကြေးများကို ပေးထားကြောင်း၊ သို့ဖြစ်၍ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာများကို မလျော်မညီအသုံးချ၍ ငွေကြေးရယူခြင်း၊ ကောက်ခံခြင်းများလုပ်ဆောင်ခြင်း မပြုကြရန်လိုကြောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးတစ်ယောက်၏ အကျိုးစီးပွားကို လိုလားမှုဖြင့် လုံခြုံရေးဆောင်ရွက်နေသူများ၊ နိုင်ငံ့ဝန်ထမ်းများကို ငွေကြေးပေးလာဘ်ထိုးခြင်းများဖြင့် မဖျက်ဆီးကြရန်လိုကြောင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ ငွေကြေးအလွဲသုံးစားခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို မလျော်ညီစွာ အသုံးပြုခြင်းတို့ဖြင့် အားကောင်းသော နိုင်ငံတော်အစိုးရတစ်ရပ်၏ပုံရိပ်ကို ထိခိုက်ကျဆင်းစေပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကိုလည်း ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအားလုံး အဂတိတရားကင်းရှင်းမှုရှိစေရေး ဆောင်ရွက်သွားကြရန်နှင့် ကြပ်မတ်ကွပ်ကဲရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျ ကွပ်ကဲကြပ်မတ်သွားကြရန် လိုကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် အဓိကအားဖြင့် စီးပွားရေးအားကောင်းရန်လိုပြီး စီးပွားရေးအားကောင်းမှသာလျှင် ငွေကြေးခိုင်မာမှုရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်၏ ငွေကြေးကို ခိုင်မာအောင် လုပ်ဆောင်ပေးရမည်ဖြစ်ပြီး စီးပွားရေးအရ အားကောင်းလာစေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ခိုင်ခိုင်မာမာ လျှောက်လှမ်းနေပြီဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များအားလုံးကို မရေမရာဖြင့် စမ်းတဝါးဝါးဆောင်ရွက်နေခြင်းမဟုတ်ဘဲ တိကျခိုင်မာသည့် ဦးတည်ချက်၊ ရည်မှန်းချက်များထားရှိပြီး မိမိတို့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများဖြင့် အကောင်းဆုံးအသုံးချ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်အစိုးရအဖွဲ့အပါအဝင် တာဝန်ရှိသူများအားလုံးအနေဖြင့် မိမိတို့သက်ဆိုင်ရာ တာဝန်ယူထားရသည့်လုပ်ငန်းများအားလုံး အောင်မြင်မှုရှိ စေရေးအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများအား ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားရန်လို၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကောင်းစွာ သိရှိနားလည်နေရမည် ဖြစ်သကဲ့သို့ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်းလို

❖ သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းသည် လုပ်ငန်းတစ်ခု အောင်မြင်မှုရှိစေရေး အတွက် ကြိုတင်လေ့လာဆန်းစစ် ဆောင်ရွက်ခြင်းပင်ဖြစ်၊ လက်တွေ့ဆောင်ရွက်နိုင်သည်များကို သုတေသနပြု ဆောင်ရွက်သွားရန်လိုပြီး အကျိုးရှိရှိ အသုံးချနိုင်ရန်လို

❖ စက်မှုလက်မှု၊ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှုအပါအဝင် ပညာရေးလုပ်ငန်းများနှင့်ပတ်သက်၍ လက်တွေ့အသုံးချနိုင်သည်များကို အမြဲဆန်းစစ်သုတေသနပြုလုပ်နေရန်လို

---

✻ ၁၁၈ မဂ္ဂါဝပ်မှ

သထုံဓာတ်အားပေးစက်ရုံတွင် ရေနွေးငွေ့တာဘိုင် တစ်လုံးနှင့် ဂက်စ်တာဘိုင်နှစ်လုံး တပ်ဆင်ထားခြင်းဖြစ်ပြီး ရေနွေးငွေ့တာဘိုင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ပထမ ဂက်စ်တာဘိုင်တစ်လုံးကို လက်ရှိတွင် တရုတ်နိုင်ငံ၌ ပြင်ဆင်မှုများ ပြုလုပ်နေပြီး လာမည့် ဩဂုတ်လအတွင်း ပြုပြင်မှုလုပ်ငန်းများ အပြီးသတ်ကာ စက်ရုံပြန်လည် လည်ပတ်နိုင်ရန် စီစဉ်လျက်ရှိသည်။ ဂက်စ်တာဘိုင် (၂) ကို ဆက်လက်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပြီး ယခုနှစ် ဒီဇင်ဘာလအတွင်း စက်ရုံသို့ ပြန်လည်ရောက်ရှိ တပ်ဆင်မည်ဖြစ်သည်။

အဆိုပါစက်ရုံ ပြန်လည် လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၁၁၈ ဒသမ ၉ မဂ္ဂါဝပ်အထိ အပြည့်အဝ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ မွန်ပြည်နယ်အတွင်း ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို အမျိုးသားမဟာဓာတ်အားလိုင်းသို့ ပို့လွှတ်သွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ပြည်နယ်အတွက် သတ်မှတ်ထားသည့် ခွဲတမ်းအတိုင်း ပြန်လည်ခွဲဝေဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **TWA**

❖ ရန်ကုန်မှ

ကွမ်မင်း-ရန်ကုန် လေကြောင်းခရီးစဉ်ကို ပြေးဆွဲလျက်ရှိသည့် China Southern Airlines သည် လက်ရှိတွင် နေ့စဉ် ပျံသန်းပြေးဆွဲနေရာမှ ဇွန် ၁၅ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် စနေနေ့များတွင် ခရီးစဉ်အသစ်များ ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။ ယင်းသို့ တိုးချဲ့ပြီးပါက ကွမ်မင်း-ရန်ကုန် ခရီးစဉ်ကို တစ်ပတ်လျှင် စုစုပေါင်း ၁၀ ကြိမ်အထိ ပျံသန်းပေးသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်းအခြေစိုက် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)ကလည်း လက်ရှိ တစ်ပတ်လျှင် လေးကြိမ် ပြေးဆွဲနေသည့် ရန်ကုန်-ကွမ်မင်းခရီးစဉ်ကို ဇွန် ၃၀ ရက်မှစတင်၍ နေ့စဉ်တိုက် ရိုက်ပျံသန်းပြေးဆွဲသွားမည်ဟု အသိပေးထားသည်။

ယခုကဲ့သို့ လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲလာခြင်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ခရီးသွားလာမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ဆက်ဆံရေးများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းက သုံးသပ်ထားကြသည်။ **TWA**

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြား

## ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိရှိအသုံးချပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်



အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇွန် ၉**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတနှင့်အတူ ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကော်မတီအတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်များကို အကျိုးရှိစွာဖြင့် ထိရောက်စွာ အသုံးချနိုင်ရေး၊ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် ဘက်စုံစီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရေးနှင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေရန်၊ ရေနှင့်ဆက်နွယ်သည့် ဒေသတွင်းနှင့် နိုင်ငံတကာ ရေကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် **“အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ”**ကို ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် မိမိအနေဖြင့် ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်(၁၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာ အသုံးချရေး၊ နွေကာလရေရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် မြစ်ရေနည်းပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်း၊ အမျိုးသားရေဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရေး အစီအမံများ ဆောင်ရွက်ခြင်းနှင့် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲရန် လိုအပ်သည့် ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက် စုဆောင်းခြင်းများကိုလည်း အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

> ◆ **အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်(၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ အထူးသဖြင့် ရေအရင်းအမြစ်များကို ထိရောက်စွာအသုံးချရေး၊ နွေကာလ ရေရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် မြစ်ရေနည်းပါးမှုပြဿနာ ဖြေရှင်းပေးနိုင်ရေးအတွက် အစီအစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ အမျိုးသားရေဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ဆောင်ရွက်နေ**
>
> ◆ **ထို့အပြင် ရေနှင့်ပတ်သက်သည့် သဘာဝဘေးအန္တရာယ်များကျရောက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့နည်းစေရေး အစီအမံများဆောင်ရွက်ခြင်းနှင့် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲရန် လိုအပ်သည့်ရေအရင်းအမြစ်ဆိုင်ရာ အချက်အလက် စုဆောင်းခြင်းများကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိ**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အနေဖြင့် ကော်မတီ၏ လှုပ်ရှားမှုအဖြစ် နှစ်စဉ် မတ်လ ၂၂ ရက်တွင် ကျရောက်သည့် **“ကမ္ဘာ့ရေနေ့”** အထိမ်းအမှတ် အခမ်းအနားနှင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အဓိပ္ပာယ်ပြည့်ပြည့်ဝဝ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ရေသည် လူသားများ၏ အလိုအပ်ဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်ပြီး လူမှုဘဝ ကဏ္ဍအားလုံးနှင့် တိုက်ရိုက်ဆက်နွယ်နေကြောင်း၊ ထို့ကြောင့်လည်း ယနေ့ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့်လျော့နည်း ပျက်စီးလာသည့် ရေအရင်းအမြစ်များကို ထိန်းသိမ်းရေးသည် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် စီးဆင်းနေသည့် အဓိကမြစ်ကြီးလေးသွယ် အပါအဝင် မြစ်ချောင်းများ၊ သဘာဝရေကန်ကြီးများ၊ စိမ့်တောများမှ နှစ်စဉ်ရေချိုဧက ပေသန်း ၈၀၀ ကျော် စီးဆင်းလျက်ရှိနေကြောင်း၊ သို့သော်လည်း အဆိုပါ စီးဆင်းနေသည့် ရေချိုပမာဏ၏ ရာခိုင်နှုန်း အနည်းငယ်ခန့်ကိုသာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းသုံးနှင့် အိမ်သုံးရေစသည့် ကဏ္ဍများတွင် သုံးစွဲနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေအရင်းအမြစ်များကို ပိုမိုပြီး ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးချပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ ရေဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အလားအလာကောင်းများရှိနေသည်ကို တွေ့ရမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေချိုအရင်းအမြစ်များ ထိန်းသိမ်းအသုံးချရန် အနိမ့်တမံများ တည်ဆောက်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ မြို့ပြနှင့် ကျေးလက် သောက်သုံးရေပေးဝေရေး၊ စိုက်ပျိုးရေပေးဝေရေးနှင့် ရေဆိုင်ရာ ထုတ်ကုန်များကို စီးပွားဖြစ် ထုတ်လုပ်ရေးအတွက် အလားအလာများ ရှာဖွေကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ရှိသည့် မြစ်ချောင်းများမှ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်ပမာဏသည် မဂ္ဂါဝပ် တစ်သိန်းကျော်ရှိသည်ဟု လေ့လာသိရှိရကြောင်း၊ လက်ရှိ ထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ် ပမာဏသည် ၃၅၀၀ မဂ္ဂါဝပ်ခန့်သာ ရှိသည့်အတွက် ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်နိုင်သေးသည်ကိုလည်း တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်ပြီး ထိထိရောက်ရောက် အကျိုးရှိနိုင်မည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ဆိုပါက တစ်နိုင်ငံလုံး စပါးစိုက်ဧက ၁၅ သန်းနီးပါးရှိရာတွင် မိုးရာသီ၌ ဧက ၁၅ သန်းခန့် စိုက်ပျိုးနိုင်သော်လည်း နွေရာသီတွင် စိုက်ဧရိယာ ဧက ၂ ဒသမ ၇၁ သန်းခန့်သာ စိုက်ပျိုးနိုင်ကြောင်းကို တွေ့ရကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းသည် အဓိကမဟုတ်ဘဲ ရှိသည့် စိုက်ဧကအတွင်း အောင်မြင်အောင် စိုက်ပျိုးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ တချို့ဒေသများ၌ တစ်နှစ်အတွင်း သီးထပ်သုံးကြိမ်အထိ စိုက်ပျိုးနိုင်သည်ကို တွေ့ရပြီး တချို့ဒေသများတွင် သီးထပ်နှစ်ကြိမ်အထိ စိုက်ပျိုးနိုင်သည်ကို တွေ့ရှိရကြောင်း၊ အချို့ဒေသများ၌မူ သီးထပ်လုံးဝမစိုက်ပျိုးနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ နွေရာသီကာလတွင် စိုက်ပျိုးနိုင်ရန် လိုအပ်သည့် ရေအရင်းအမြစ်ကို ရရှိရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ် ရေလှောင်ကန်များ တည်ဆောက်ခြင်း၊ သဲချောင်းများတွင် မြေအောက်တမံတွေ တည်ဆောက်ခြင်း၊ ဆိုလာမြစ်ရေတင်လုပ်ငန်းတွေ ဆောင်ရွက်ခြင်း၊ စက်ရေတွင်းများ တူးဖော်၍ ဆိုလာရေတင်စနစ်များ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားရေရိက္ခာ ဖူလုံစေနိုင်မည်ဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးဖြစ်သည့် ဆည်တမံများ၏ ကြံ့ခိုင်ရေး၊ သဲနုန်းပို့ချမှုအခြေအနေ၊ ရေဝင်ရောက်မည့် ရေဝေရေလဲဒေသအခြေအနေ၊ ရေပိုလွှဲများနှင့် ရေမြောင်းစနစ် စသည်တို့ကို ပုံမှန်စစ်ဆေးပြီး လိုအပ်သည်များကို အစဉ်အမြဲပြုပြင်ထိန်းသိမ်းနေရန်လိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့ချရေးနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောမီးရှို့ခြင်းများ၊ တောင်ယာမီးရှို့ခြင်းများသည်လည်း ရေဝေရေလဲဒေသများအပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့်အတွက် အသိပညာပေးမှုနှင့် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စီမံချက်များ ချမှတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**စာမျက်နှာ ၆ သို့ ✣**

✣ စာမျက်နှာ ၅ မှ

နွေရာသီတွင် သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ကျေးရွာများတွင် ရေရရှိရေးအတွက် နှစ်အလိုက် စီမံချက်ချ ဆောင်ရွက်ခြင်းများကို အရှိန်မြှင့်တင်သွားရန် လိုကြောင်း၊ အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အချို့နေရာများတွင်လည်း နွေရာသီ မိုးမကျမီကာလ၌ သောက်သုံးရေ ပြတ်လပ်မှုများ ရှိနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ မိုးများသည့်ဒေသများဖြစ်သည့် မြန်မာနိုင်ငံအောက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသများ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အိမ်တိုင်းတွင် တစ်ပိုင်တစ်နိုင်မိုးရေကို စုဆောင်းသိုလှောင်ကြရန်နှင့် ရပ်ကွက်၊ ကျေးရွာအလိုက် တစ်နှစ်ပတ်လုံး ရေဖူလုံစေရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ရေရရှိရေးဆိုင်ရာ အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအမံများကို ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးသွားစေလိုကြောင်း။

ယခုအခါ တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များ၏ အကျိုးသက်ရောက်မှုများကြောင့် အပူချိန်မြင့်မားလာခြင်း၊ မိုးရွာသွန်းမှု ပုံမှန်မဟုတ်ခြင်း၊ မုန်တိုင်းများ တိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်း၊ လောင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကလည်း ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပေါ်ခံစားနေကြရကြောင်း၊ ယခုနှစ်တွင် အယ်လ်နီညို ပေါ်ပေါက်ရန်ဖြစ်နိုင်ခြေ မြင့်မားနေသည့်အတွက် ၂၀၂၆ နှစ်လယ်ပိုင်းမှ ၂၀၂၇ နှစ်လယ်ပိုင်းအထိ အပူဒဏ်လွန်ကဲခြင်း၊ မိုးခေါင်ရေရှားခြင်း ဖြစ်လာနိုင်မည်ဖြစ်သဖြင့် ယင်းကို ကာကွယ်နိုင်ရန် ယခုကတည်းက ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း။

၁၉၅၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အားကောင်းသည့် အယ်လ်နီညို ဖြစ်ပေါ်ခဲ့သည့်နှစ်များနှင့် အင်အားပြင်းထန်သည့် အယ်လ်နီညို ဖြစ်ပေါ်ခဲ့သောနှစ်များ ရှိခဲ့ပြီး ပြည်တွင်းဒေသအများစု၌ အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခြင်းများနှင့် မိုးခေါင်မှုနှင့် သောက်သုံးရေ ပြတ်လပ်မှုများ ကြုံတွေ့ခဲ့ကြရကြောင်း။

၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် အားအသင့်အတင့်ရှိသော အယ်လ်နီညို ဖြစ်စဉ်ကြောင့် ၂၀၁၀ ပြည့်နှစ် မေလအတွင်း မိုးလေဝသစခန်းပေါင်း ၂၀ သည် အမြင့်ဆုံးအပူချိန် စံချိန်သစ်တင်ခဲ့ကြကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ အမြင့်ဆုံးအပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်ဖြင့် စံချိန်သစ်တင်ခဲ့ပြီး ၎င်းစံချိန်သစ်သည် ယင်းအချိန်က မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ အမြင့်ဆုံးအပူချိန် စံချိန်သစ်လည်းဖြစ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်သည် ကမ္ဘာတစ်ဝန်းတွင် အပူဆုံးနှစ်ဖြစ်ခဲ့သည်နှင့်အညီ မြန်မာနိုင်ငံတွင်လည်း ဧပြီလအတွင်း ချောက်၊ မန္တလေးနှင့် ညောင်ဦးဒေသတို့၌ အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်မှ ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိ စံချိန်သစ်တင်မြင့်တက်ခဲ့ကြောင်း၊ ထူးခြားချက်အနေဖြင့် တိုင်ဖွန်းမုန်တိုင်း "ရာဂီ" ၏ အကြွင်းအကျန်တိမ်များသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများကို လေပွေလှိုင်းအဖြစ် ဖြတ်ကျော်ခဲ့ခြင်းကြောင့် စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ ဒေသအလိုက် နေရာကွက်ပြီး မိုးကြီးကာ စံချိန်သစ်တင် ရွာသွန်းခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲခြင်း ဖြစ်စဉ်များတွင် အခြားနိုင်ငံများထက် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သောကြောင့် လိုက်လျောညီထွေနေနိုင်ရေး ကြိုတင်သုံးသပ်စီမံထားရန်လိုကြောင်း။

ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အဖွဲ့အစည်းများအနေဖြင့် လမ်း၊ တံတား စသည့်အခြေခံအဆောက်အအုံများ၊ လူနေအဆောက်အအုံများ တည်ဆောက်သည့်အခါတွင် သဘာဝဘေး အန္တရာယ် သက်ရောက်နိုင်မှုတို့ကို ကြိုတင်တွေးဆ ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်ကြရန် လိုကြောင်း၊ ရေနှင့်ဆက်နွယ်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာစေရေး၊ စီမံခန့်ခွဲရာတွင် အထောက်အကူပြုနိုင်ရေး သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးဆောင်ရွက်ကြရန်လည်း တိုက်တွန်းလိုကြောင်း။

ရေချို အရင်းအမြစ်များကို စိုက်ပျိုးရေ၊ သောက်သုံးရေ၊ စက်မှုသုံးရေများ အပါအဝင် ကဏ္ဍစုံ၌ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့ချနိုင်ရေး ဆောင်ရွက်နေမှုများ၊ ရေဆိုင်ရာ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် ရေဆိုင်ရာ သဘာဝ ဘေးအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းနိုင်ရေး ပြင်ဆင်ထားရန် ကိစ္စများနှင့်စပ်လျဉ်း၍ ကော်မတီဝင်များက ဆွေးနွေးပေးကြစေလိုကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ရေကဏ္ဍဖွံ့ဖြိုးစေရေး၊ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုများ စနစ်တကျ ဆောင်ရွက်စေရေးတို့ကို ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီ ဒုတိယဥက္ကဋ္ဌက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ ရေဆိုင်ရာလှုပ်ရှား ဆောင်ရွက်မှု၊ ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များက ရေနှင့် ဆက်နွယ်သည့်လုပ်ငန်းဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရေအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိမှု အခြေအနေများ၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဖြည့်စွက်ဆွေးနွေး ပြောကြားရာတွင် ကျောင်းနေအရွယ်မှစ၍ ရေ၏တန်ဖိုးကိုသိရှိနေရန် လိုကြောင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် ရေများညစ်ညမ်းမှုဖြစ်သည်ကို သိရှိရန်လိုကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများတွင် အမှိုက်များစနစ်တကျ စွန့်ပစ်စေရေး ဆရာ ဆရာမများ၏ ကြီးကြပ်မှုများဖြင့် ပညာပေးသင်ကြား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကျောင်းသားကျောင်းသူ လူငယ်များအနေဖြင့် အမှိုက်ကိုစနစ်တကျစွန့်ပစ်သည့် Mind Set ကို ရရှိသည်အထိ ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေများ လုံလောက်စွာရရှိရန်လိုကြောင်း၊ ထို့ကြောင့် ဧရာဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်း စသည့်မြစ်ကြီးများမှ မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိရန်လိုကြောင်း၊ မြစ်ရေ၊ ချောင်းရေ၊ ဆည်မြောင်းရေ၊ မိုးရေများမှ ရေများထိန်းသိမ်း၍ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရန်လိုကြောင်း၊ ရေကိုစနစ်တကျ အကျိုးရှိစွာအသုံးချသည့် အကျင့်များကို မွေးမြူနိုင်ရန်လိုကြောင်း၊ သန့်ရှင်းသည့်ရေများ ရရှိစေရေးနှင့် ထိန်းသိမ်းနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း။

သမဝါယမ လုပ်ငန်းဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများ အားလုံး သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရှိပြီးဖြစ်သည့် ရေများကိုလည်း အကျိုးရှိရှိစနစ်တကျ အသုံးချနိုင်ရန်လိုကြောင်း၊ သဘာဝကပေးထားသည့် ကမ္ဘာ့အမွေအနှစ်၊ မြန်မာ့ အမွေအနှစ်ဖြစ်သည့် အင်းတော်ကြီးကန်နှင့် အင်းလေးကန် ထိန်းသိမ်းရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရေဝေရေလဲ သစ်တောများထိန်းသိမ်းရေးနှင့် ဆည်တာတမံများထိန်းသိမ်းရေးကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရေရှားပါးသည့် ဒေသများတွင် မိုးရေကို သိုလှောင်ပြီး သုံးစွဲသွားကြရန်နှင့် မြေအောက်ရေ ရယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်နှင့်ငွေကြေး ကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းနိုင်သည့် သစ်ပင်များကိုလည်း ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရန်လို ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးမှုအဖြစ် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဒုတိယဥက္ကဋ္ဌက ရေအရင်းအမြစ်များကို စနစ်တကျသုံးစွဲရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် သမ္မတက မိမိတို့အနေဖြင့် ရေအရင်းအမြစ်နှင့်သဘာဝဘေးအန္တရာယ်ကို ခွဲခြားရန်လိုကြောင်း၊ ရေအရင်းအမြစ်ဆိုသည်မှာ ရေရရှိရေးကို ဦးစားပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ခွဲခြားဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ရဲရဲတင်းတင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ဥပဒေကို မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အခြေအနေအတိုင်း ပြန်လည်ပြင်ဆင်ရေးဆွဲသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ဆွေးနွေးမှုတွင် အချက်အလက်များကို ပြည့်ပြည့်စုံစုံ ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိုအထဲမှ အဓိကကျသည့် အချက်အလက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ရာသီဥတုကြောင့် ဖြစ်ပေါ်တတ်သည့် ပြဿနာများလည်းရှိသဖြင့် အချိန်ကာလအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မူဝါဒများချမှတ်၍ သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဦးစီးကော်မတီများက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတုအလိုက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ပြည်ထောင်စု အဆင့်အလိုက်၊ တိုင်းဒေသကြီး အဆင့်အလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**




အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအစည်းအဝေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြစဉ်။

# နမ့်စန်မြို့နယ်၌ သွင်းအားစု၊ မျိုး၊ မြေသြဇာများ ပေးအပ်

**နမ့်စန် ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် မိုင်းစိတ်ကျေးရွာတွင် အသင်းပိုင်ငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းရှိ အသင်းသားတောင်သူများအတွက် သွင်းအားစု၊ မျိုးနှင့် မြေသြဇာများ ပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ အသင်းဥက္ကဋ္ဌနေအိမ်၌ ဆောင်ရွက်သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုချိုနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူ ၂၉ ဦး၏ စိုက်ဧက ၃၈၃ ဧကအတွက် သွင်းအားစု DU-12 စပါးမျိုးနှင့် ကွန်ပေါင်း၊ ပုလဲခေတ်မြေသြဇာတို့ကို ပေးအပ်ရာ မိုင်းစိတ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးစိုင်းဆောနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

## ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ထပ်မံကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်မည်



နေပြည်တော် ဇွန် ၉

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၈ ဦး တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအိုအူဆုအိနှင့် ညွှန်ကြားရေးမှူး မစ္စတာ နာအို ဟိကို တာကခု၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟီရိုမိချိ ဝါတာနာဘေး၊ ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန်၊ ရုရှား-အာဆီယံစီးပွားရေးကောင်စီ ဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ်၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် မစ္စတာ အင်ဒရာ မာနီ ပန်ဒေး၊ မြန်မာနိုင်ငံဆိုင်ရာ အိုက်စလန်နိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးကိုကိုလတ်၊ ဂျပန်နိုင်ငံ နာဂိုယာမြို့ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ တိုရှိအို နီရှိမူရ၊ ဂျပန်နိုင်ငံ ကိုဘေးမြို့ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာ နိုရီအဆု အိုတိုမိုရီ၊ ဘရာဇီးလ်နိုင်ငံ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန် မစ္စတာရီကာဒို စီကာရီ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် မစ္စတာ အိတ်ဟ် အမ် ဟာကန်အလီ၊ ကနေဒါနိုင်ငံ မြန်မာလူငယ်များအသင်းတို့က နိုင်ငံတော်သမ္မတထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများနှင့် မြို့တော်ဝန်များ ခန့်အပ်တာဝန်ပေးအပ်ခြင်း တို့ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၁၆) စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ယခုထုတ်ပြန်ထားသည့်မြို့နယ် ၆ဝ တွင် လက်နက်ကိုင် အကြမ်းဖက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိမှသာ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လာနိုင်မည်ဖြစ်ပါကြောင်း၊ လူထုအကြားကြောက်ရွံ့မှုနှင့် မငြိမ်မသက်ဖြစ်မှုများကို လျော့နည်းစေပြီး နေ့စဉ်ဘဝ ပုံမှန်ပြန်ဖြစ်လာစေမည်ဖြစ်ပါကြောင်း၊ အစိုးရဌာနများ၊ ကျောင်းများ၊ ဆေးရုံများနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများလည်း ပြန်လည်လည်ပတ်လာစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၁/၂၀၁၆) အရေးပေါ် အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၁၆) စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးလှမင်းက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၆) အရ ငါန်းဇွန်မြို့နယ်ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကူး၊ မိုးကုတ်မြို့နယ်တို့နှင့်အတူ အရေးပေါ်အခြေအနေ ကြေညာကာ စစ်အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ခဲ့ရာ သက်တမ်း(၄)ကြိမ်တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ငါန်းဇွန်မြို့နယ် လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်လျှင် မြစ်မြောက်ဘက်နှင့် အနောက်ဘက်ရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တံတားဦးနှင့် လေယာဉ်ကွင်း လုံခြုံရေးတို့အတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မန္တလေးနှင့် နီးကပ်ပြီး အတွင်းပိုင်းကျသော ငါန်းဇွန်မြို့နယ်ကို စစ်အုပ်ချုပ်ရေး သက်တမ်းမကုန်ခင်အတွင်း အပြီးသတ် စိုးမိုးလုံခြုံမှုရရှိစေရန် တာဝန်ရှိအုပ်ချုပ်ရေး အဖွဲ့အစည်းများအနေဖြင့် ငါန်းဇွန်မြို့နယ်အတွင်းရှိ ပြည်သူများ မူလအခြေအနေအတိုင်း ပြန်လည်နေထိုင်နိုင်ရန် စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ထားသည့်အတိုင်း ဖိဖိစီးစီးလုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးပါရန် ဆွေးနွေးသည်။

ယင်းနောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ဒေသခံပြည်သူများအတွက် အစားအသောက်နှင့် အခြေခံလိုအပ်ချက်များ လုံလောက်စေရေး၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ ပုံမှန်ပြန်လည်ပေးနိုင်ရေး၊ လမ်းပန်းဆက်သွယ်မှု လျှပ်စစ်စွမ်းအားနှင့် ဆက်သွယ်ရေးကဲ့သို့ အခြေခံအဆောက်အအုံများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ပုံမှန်အုပ်ချုပ်ရေးစနစ်၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ နေ့စဉ်ဘဝ ပုံမှန်ပြန်လည်တည်ငြိမ်ရေးကို အဓိကဦးတည်ချက်အဖြစ် သတ်မှတ်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ပြည်သူများ၏ ဘဝလုံခြုံရေးကို ရှေးရှု၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ထုတ်ပြန်ထားသော အမိန့်အမှတ် (၁/၂၀၁၆)နှင့် အမိန့်အမှတ်(၂/၂၀၁၆)တို့ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးထိန်လင်းက ယခုကဲ့သို့ လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်းသည် ဒီမိုကရေစီစနစ်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်အကြား အပြန်အလှန်ထိန်းကျောင်းမှုကို ဖော်ဆောင်ခြင်းဖြစ်ပါကြောင်း။

အဆိုတွင်ပါဝင်သည့် ဒေသများတွင် တရားဥပဒေစိုးမိုးရေး ယိုယွင်းပျက်ပြားစေရန်နှင့် အုပ်ချုပ်ရေးယန္တရားများ ပုံမှန်မလည်ပတ်နိုင်စေရန် နှောင့်ယှက်မှုများနှင့် အကြမ်းဖက် လုပ်ရပ်များပြုလုပ်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ သာမန်အုပ်ချုပ်ရေး နည်းလမ်းများဖြင့် ထိန်းကျောင်းရန် ခက်ခဲသောကြောင့် ယခုကဲ့သို့ အရေးပေါ်အခြေအနေနှင့် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းဖြင့်သာ ထိရောက်မြန်ဆန်သော လုံခြုံရေးတုံ့ပြန်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ပြီး အခြေအနေများကို မူလအတိုင်း ပြန်လည်တည်ငြိမ်လာအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ ရေရှည် အကျိုးစီးပွားကို ရှေးရှုပြီး နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၁၆) စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ခြင်းတို့ကို လွှတ်တော်က အတည်ပြုပေးရန် ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၆) အရေးပေါ်အခြေအနေကြေညာခြင်းနှင့် အမိန့်အမှတ်(၂/၂၀၁၆) စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ခြင်းတို့နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500ppm) အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ဒီဇယ်ဆီ စက်သုံးဆီ တင်သွင်းရောင်းချခြင်းသည် နိုင်ငံတော်အတွက် အခွန်အကောက်ရရှိမှုအပိုင်းတွင် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိမှုအပိုင်းတွင် များစွာထိခိုက်နိုင်ပါကြောင်း၊ အခွန်ငွေများ လျော့နည်းသွားလျှင် အစိုးရ၏ အသုံးစရိတ်များကို ဖြည့်ဆည်းရန်ခက်ခဲနိုင်ပြီး ဘဏ္ဍာရေးလိုငွေပြမှု (Fiscal Deficit)ကို ပိုမိုမြင့်တက်လာစေနိုင်ပါကြောင်း၊ အခွန်သက်သာခွင့်ပေးတိုင်း ပြည်သူများ အကျိုးအပြည့်အဝရမည်ဟု မဆိုနိုင်သည်ကိုလည်း သတိချပ်စေလိုပါကြောင်း၊ ဒီဇယ်ဈေးများ မတက်အောင် အစိုးရ၏ စီမံမှုများသည် ပြည်သူများထံ၊ စားသုံးသူများထံ အမှန်တကယ် ရောက်ရှိခံစားခွင့် ရ၊ မရ စောင့်ကြည့် သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အခွန်ငွေဆုံးရှုံးမှုနှင့် ပြည်သူများရရှိမည့် အကျိုးကျေးဇူးတို့အကြား မျှတသောရလဒ်ဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ဒီဇယ်ဆီ စက်သုံးဆီ အခွန်ကင်းလွတ်ခွင့်ကိစ္စသည် တစ်လချင်းအလိုက် ခွင့်ပြုချက်တောင်းခံမှုမျိုးဖြစ်သည့်အတွက် လက်ရှိအခြေအနေမျိုးတွင် အခွန်ကင်းလွတ်ခွင့်များ တောင်းခံမှုကို ပြည်သူလူထု အကျိုးဖြစ်ထွန်းမှုအတွက် အထောက်အကူ ဖြစ်၊ မဖြစ် စောင့်ကြည့် သုံးသပ်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက်တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ဒီဇယ်ဆီအပေါ် အခွန်ယာယီ သက်သာခွင့်ပြုခြင်းသည် အခွန်လျှော့ပေးခြင်း သာမက စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၏ ကုန်ကျစရိတ်ကို လျှော့ချပေးခြင်းဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ရည်မှန်းချက်ကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် HSD (500 ppm) ဒီဇယ်ဆီအပေါ် အခွန်ကင်းလွတ်ခွင့်ပြုရေးအဆိုကို အပြည့်အဝထောက်ခံပါကြောင်းနှင့် Fuel Neutral Policy ကို ထိန်းသိမ်းနိုင်ရန် Premium Diesel (50 ppm) ကိုလည်း Diesel Fuel Category အတွင်း ထည့်သွင်း၍ အလားတူ ယာယီအခွန် ကင်းလွတ်ခွင့်ပြုသင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm) အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေး ကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဆွေးနွေးရာတွင် လက်ရှိအခြေအနေတွင် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်း တည်ငြိမ်စေရန်၊ ကုန်ကျစရိတ် လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ HSD (500 ppm)ကို ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှုအခြေအနေများကို လစဉ်စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ထပ်မံကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် ၂၀၁၆ ခုနှစ် မေ ၁ ရက်မှ ၃၀ ရက်အထိ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm) အပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်ရာ ကန့်ကွက်ဆန္ဒမဲ ၁၀ မဲ၊ ကြားနေဆန္ဒမဲ ခုနစ်မဲ၊ ထောက်ခံဆန္ဒမဲ ၄၉၇ မဲဖြစ်သဖြင့် ထောက်ခံမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို ဇွန် ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ညနေပိုင်းတွင် နေပြည်တော် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ပွဲအပြီး မဏ္ဍိုင်ကြီးသုံးရပ် ပေါ်ပေါက်ခဲ့ပြီး လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေး၊ ခေတ်နှင့်လျော်ညီသည့် ဥပဒေများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို လွှတ်တော်တွင် စတင်ဆွေးနွေးလျက်ရှိပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ လွှတ်တော်ချင်း ထိတွေ့ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုလည်း သံအမတ်ကြီးမှ တစ်ဆင့် ကူညီပေးစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက မြန်မာလွှတ်တော်များ၏ ဖွဲ့စည်းမှုနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား မေးမြန်းခြင်း၊ လက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံ လွှတ်တော်ဖွဲ့စည်းမှုများအား ရှင်းလင်းပြောကြားခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ



ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်။



ထိုသို့ ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေး အဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA–S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံ ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီသည် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း၊ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများနှင့် တရားဝင် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ၄၃ ချက်အား လွှတ်တော်သို့ တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တက်ရောက်လာသည့် NCA–S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့အနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းက အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၏ ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်ထုတ်ပြန်ခဲ့ပြီး ညှိနှိုင်းရေးကော်မတီကလည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအား တစ်ဖွဲ့ချင်းအလိုက် စာဖြင့်ဖိတ်ခေါ်ကမ်းလှမ်းမှုအပေါ် ကြိုဆိုပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုဆိုင်ရာ NCA–S EAOs ၏ ရည်မှန်းချက်များဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်ရှိအခြေအနေများနှင့်အညီ ပြန်လည်ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်သော အဖွဲ့အစည်းများ ပါဝင်လာနိုင်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းမှု တည်ဆောက်နိုင်ရေးတို့နှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး ယခုဆွေးနွေးပွဲသည် ကောင်းမွန်သည့် ရလဒ်များရမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီက ဆောင်ရွက်မည့် ငြိမ်းချမ်းရေးအစီအစဉ်များအား ရှင်းလင်းဆွေးနွေးပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့က ၎င်းတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုဆိုင်ရာ သဘောထားများကို အဆိုပြုတင်ပြသည်။

ဆက်လက်၍ NCA–S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့၏ အဆိုပြုတင်ပြချက်များအပေါ် မူတည်၍ တက်ရောက်လာသူများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရာတွင် ဖြေလျှော့မှုများ၊ ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်များ၊ ယန္တရားများကို အဆင့်ဆင့် ချမှတ်ဆောင်ရွက်နိုင်ရေး၊ ကြိုတင်သတ်မှတ်ချက်များ မပါသော အပစ်အခတ်ရပ်စဲရေးနှင့် သက်ဆိုင်သူများအကြား အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်ကို ဖော်ဆောင်ရေး၊ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေး အဖြေရှာရေးအတွက် သက်ဆိုင်သူများအား တိုက်တွန်းရေး၊ ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်းစဉ်ကို ဖော်ဆောင်နိုင်ရေး၊ NCA အနှစ်သာရကို အခြေခံသော အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ရေးနှင့် စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရေး၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးအသီးအပွင့်များ ခံစားနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတကာအကူအညီများ ရရှိနိုင်ရေးနှင့် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်မည့် အစည်းအဝေး ကျင်းပရာနေရာ (ပြည်တွင်း/ပြည်ပ) ကိုလည်း ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် NCA–S EAOs ဆွေးနွေးညှိနှိုင်းရေးအဖွဲ့က အစိုးရသစ် ရက် ၁၀၀ အတွင်း ငြိမ်းချမ်းရေး ဖိတ်ခေါ်သည့် ကာလသတ်မှတ်ချက်၊ အစိုးရ၏ငြိမ်းချမ်းရေးဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ မေးမြန်းဆွေးနွေးမှုအပေါ် ညှိနှိုင်းရေးကော်မတီ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲ သဘောထားစုစည်းချက်များအား မှတ်တမ်းတင်နိုင်ရေး အတွက် ဆွေးနွေးညှိနှိုင်းကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားကာ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇွန် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သထုံမြို့နယ်၌ လူထုကျန်းမာရေးလုပ်သား(အကျဉ်းချုံး)သင်တန်း ဖွင့်လှစ်

သထုံ ဇွန် ၉

မွန်ပြည်နယ် သထုံမြို့နယ်တွင် လူထုကျန်းမာရေးလုပ်သား(အကျဉ်းချုံး)သင်တန်းကို ယမန်နေ့နံနက်ပိုင်းက သထုံခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦးနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးစိုးအောင်တို့က မိမိတို့ရပ်ရွာ၌ အရေးပေါ်ကျန်းမာရေးပြဿနာများ ကြုံတွေ့လာရသည့်အခါ၌ ကိုယ်တိုင်စောင့်ရှောက်နိုင်ပြီး ရပ်ရွာနေပြည်သူတို့၏ အားကိုးရသူများဖြစ်လာရန် ရည်ရွယ်ကာ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။


အဆိုပါသင်တန်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ စေတနာ့ကျန်းမာရေးဝန်ထမ်း သင်တန်းသား ၈၁ ဦးတို့အား နှစ်သုတ်ခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယနေ့စတင်ဖွင့်လှစ်သည့် ပထမအသုတ်သင်တန်းတွင် သင်တန်းသား ၃၅ ဦးတို့အား ဇွန် ၈ ရက်မှ ၁၉ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanhthong BOUDTAVONG ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၉**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် လာအိုပြည်သူ့တပ်မတော် စစ်ဦးစီးဌာန ဒုတိယအကြီးအကဲဖြစ်သူ Major General Vanhthong BOUDTAVONG ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲနှင့်အတူ လာအိုပြည်သူ့တပ်မတော် နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယ ညွှန်ကြားရေးမှူး Colonel Mixay PHENGSAVATH၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူး Colonel Viphaxay CHANTHAMATH နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာအောင် တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့ပါဝင်သော CLMV အဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံ၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ဒေသတွင်းတိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေး ခရီးစဉ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များနှင့် သင်တန်းသားများ အပြန်အလှန် စေလွှတ်နေသည့် အခြေအနေများ၊ မဲခေါင်မြစ် လုံခြုံရေးအပါအဝင် နှစ်နိုင်ငံ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးဆိုင်ရာ တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးခဲ့မှုများ အပေါ် လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုဖြင့် ကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာ ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေး ကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးငါးရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ဟန်ချက်ညီ ဆက်သွယ်ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ခဲ့ကြကာ တက်ရောက် လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၉**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်တွင် အိမ်နီးချင်းကောင်းပီသမှု၊ စစ်မှန်သည့် စိတ်ဆန္ဒတို့အပေါ် အခြေခံ၍ ပူးပေါင်းဆောင်ရွက်ရေး၊ ဘင်္ဂလားဒေ့ရှ်ဘက်က မြန်မာဘက်သို့ စိစစ်ရန် ပေးအပ်ထားသည့် နေရပ်စွန့်ခွာသူများ စာရင်းအပေါ် မြန်မာဘက်က စိစစ်ပြီးစီးမှု အခြေအနေများနှင့် ရခိုင်ပြည်နယ်၌ အမှန်တကယ်နေထိုင်ခဲ့သူများအား ပြန်လည်လက်ခံသွားရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



## မြန်မာ့ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းများကို ခေတ်မီဒီဂျစ်တယ်စနစ်ဖြင့် ရေရှည်ထိန်းသိမ်းနိုင်ရေး အိန္ဒိယကူညီမည်

**နေပြည်တော် ဇွန် ၉**

မြန်မာ့ရုပ်ရှင်ဖလင်ဟောင်းများနှင့် သမိုင်းဝင် သတင်းမှတ်တမ်းများကို ခေတ်မီဒီဂျစ်တယ် နည်းပညာများအသုံးပြု၍ ရေရှည်ထိန်းသိမ်းနိုင်ရေး




အတွက် အိန္ဒိယနိုင်ငံက ကူညီဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ရေရှည်ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာရပ်များနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ အခြေစိုက် ကမ္ဘာ့ထိပ်တန်းရုပ်ရှင်ဖလင် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကြီးဖြစ်သော Prasad Group မှ တာဝန်ရှိသူများသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနသို့ လာရောက်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် Prasad Group ၏ အမှုဆောင်အရာရှိချုပ် (CEO) Dr. Prasad Rao Pasam ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ဆွေးနွေးပွဲအတွင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ဖလင်ပိဋကတ်တိုက်၌ လက်ရှိထိန်းသိမ်းထားသော မြန်မာ့ရုပ်ရှင်ဖလင်များနှင့် သတင်းမှတ်တမ်းများကို စနစ်တကျထားသိုရေး၊ တန်ဖိုးထားဖွယ် မြန်မာ့ဂန္ထဝင် ရုပ်ရှင်ဖလင်ဟောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် နောက်ဆုံးပေါ်နည်းပညာများအသုံးပြု၍ ဒီဂျစ်တယ်စနစ်ဖြင့် ပြန်လည်အသက်သွင်းခြင်း (Digital Restoration) အဆင့်သို့ မြှင့်တင်ရေးနှင့် ခေတ်မီနည်းပညာများဖြင့် ရေရှည်ပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့အခြေစိုက် Prasad Corporation Limited သည် ၁၉၅၆ ခုနှစ်တွင် အိန္ဒိယဂန္ထဝင်ရုပ်ရှင်ဒါရိုက်တာ L. V. Prasad မှ စတင်တည်ထောင်ခဲ့သော အိန္ဒိယရုပ်ရှင်လောက၏ သမိုင်းအရှည်ကြာဆုံးနှင့် အကြီးမားဆုံး လုပ်ငန်းစုကြီး ဖြစ်သည်။

ယခင်ဖလင်ခေတ်တွင် ဖလင်ကူးယူခြင်းနှင့် ဆေးခြင်းလုပ်ငန်းများ၌ Prasad Labs အမည်ဖြင့် ကမ္ဘာ့အဆင့်မီ နာမည်ကျော်ကြားခဲ့ပြီး လက်ရှိတွင် ဂန္ထဝင်ဖလင်ဟောင်းများကို နောက်ဆုံးပေါ် 4K, 8K နှင့် 12K နည်းပညာများအသုံးပြုကာ ဒီဂျစ်တယ်စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲခြင်း (Digital Film Restoration) ဝန်ဆောင်မှုများကို ကမ္ဘာအဆင့်မီ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဥစားကြက်မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေ တိုးပွားရေး

လွန်းပိုးအိမ်

**ကျွန်မတို့ရဲ့ အိမ်နောက်ဖေးခြံဝင်းလေးထဲက နံနက်ခင်းအလင်းရောင်နွေးနွေးအောက်မှာ ကြက်တွေရဲ့ အသံဗျူဟာစည်ကားမှုကနေ စတင်တဲ့နေ့တစ်နေ့ဟာ တခြားနေ့တွေထက် ပိုပြီးတော့ အဓိပ္ပာယ်ရှိသလို ခံစားရပါတယ်။ မြို့ပြရဲ့ရှုန်းကန်မှုတွေ၊ ဈေးကွက်ထဲက ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းအတက်အကျကြားမှာ ကျွန်မတို့မိသားစုအတွက် လတ်ဆတ်တဲ့အာဟာရကို ကိုယ်တိုင်ဖန်တီးနိုင်ဖို့ ကြိုးစားခဲ့ရတဲ့ခရီးလမ်းလေးကတော့ တကယ်ကို ကျေနပ်ဖွယ်ကောင်းပါတယ်။**

ဥစားကြက်မွေးမြူရေးဆိုတာ စီးပွားရေးလုပ်ငန်းတစ်ခုဆိုတာထက် မိသားစုအတွက် ပရိုတင်းဓာတ်ကို တန်ဖိုးသင့်တင့်စွာနဲ့ ရယူနိုင်တဲ့ အကောင်းဆုံးသော နည်းလမ်းတစ်ခုပါပဲ။ ဈေးကွက်ထဲက ကြက်သားတစ်ကီလိုရဲ့ ဈေးနှုန်းကို ကြည့်လိုက်တိုင်း ကျွန်မတို့ စဉ်းစားမိတာကတော့ ဒီငွေပမာဏနဲ့ ကြက်ဥဘယ်လောက်များများ ဝယ်နိုင်မလဲဆိုတာပါပဲ။ တွက်ချက်ကြည့်လိုက်တဲ့အခါ ကြက်ဥကနေရရှိမယ့် အရည်အသွေးမြင့် ပရိုတင်းဓာတ်က ပိုပြီးတော့တောင် တွက်ခြေကိုက်နေတာကို တွေ့ရပါတယ်။

ကြက်ဥတစ်လုံးမှာပါတဲ့ ကယ်လိုရီပမာဏဟာ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့စွမ်းအင်ကို အပြည့်အဝပေးနိုင်သလို အဆီဓာတ်နည်းပါးတဲ့အတွက်လည်း ကျန်းမာရေးကို အထူးဂရုစိုက်ရတဲ့ ခေတ်ကာလမှာ အကောင်းဆုံးသော အစားအစာတစ်ခုဖြစ်လာပါတယ်။ မိသားစုရဲ့ ကျန်းမာရေးအတွက် လိုအပ်တဲ့ အာဟာရကို ဈေးနှုန်းကြီးမြင့်တဲ့ အသားတွေကနေ ရှာဖွေနေမယ့်အစား ကြက်ဥကနေ တစ်ဆင့် ရယူခြင်းဟာ အသိဉာဏ်ရှိတဲ့ ရွေးချယ်မှုတစ်ခုပဲ မဟုတ်ပါလား။

### အလွန်နည်းပါးတဲ့အရင်းအနှီးနဲ့ စတင်နိုင်

နေရာအကျယ်ကြီး မလိုပါဘူး။ အိမ်နောက်ဖေးမှာပဲဖြစ်ဖြစ်၊ ခြံဝင်းလေးရဲ့ ထောင့်တစ်နေရာမှာပဲဖြစ်ဖြစ် စနစ်တကျလေးသာ ခြံစည်းရိုးကာပြီး မွေးမြူမယ်ဆိုရင် အလွန်နည်းပါးတဲ့ အရင်းအနှီးနဲ့တင် စတင်နိုင်ပါတယ်။ သန့်ရှင်းတဲ့ရေနဲ့ လေဝင်လေထွက်ကောင်းတဲ့ အဆောက်အအုံလေးတစ်ခုရှိရင်ပဲ ကြက်တွေက ကျွန်မတို့ရဲ့ ကြိုးစားမှုကို ဥလေးတွေနဲ့ ပြန်လည်တုံ့ပြန်ပေးကြမှာပါ။

အစာကျွေးတဲ့အခါမှာလည်း ဈေးကြီးတဲ့ စက်ရုံထုတ် အစာတွေချည်းပဲ မဟုတ်ပါဘူး။ အိမ်မှာ ပိုလျှံတဲ့ ဆန်ကွဲလေးတွေ၊ ဟင်းသီးဟင်းရွက် အကြွင်းအကျန်လေးတွေကို ရောနှောကျွေးမွေးခြင်းအားဖြင့် အစာစရိတ်ကို လျှော့ချနိုင်သလို ကြက်တွေကိုလည်း ပိုမိုကျန်းမာစေပါတယ်။ ဒီလိုမျိုး ကိုယ်တိုင်ဖန်တီးတဲ့ အစာကျွေးနည်းက ကျွန်မတို့အတွက်တော့ စီးပွားရေးအရ အများကြီးသက်သာစေတာကို အတွေ့အကြုံအရ သိလာရပါတယ်။

ကျွန်မတို့အနေနဲ့ သတိပြုရမှာက ကြက်တွေရဲ့ အစာလမ်းကြောင်း ကျန်းမာရေးအတွက် အစာအနည်းငယ်ကို ရေစိမ်ကျွေးခြင်း သို့မဟုတ် အစာစပ်နည်းလမ်းမှန်ကန်မှုရှိစေဖို့ ဂရုစိုက်ရပါမယ်။ ဒီအချက်က ကြက်တွေရဲ့အစာစားသုံးမှုနှုန်းကို ပိုမိုကောင်းမွန်စေပြီး အစာဖြုန်းတီးမှုကို ကာကွယ်ပေးနိုင်တဲ့ အရေးကြီးသော နည်းပညာတစ်ခုဖြစ်ပါတယ်။

အရေးအကြီးဆုံးကတော့ လတ်ဆတ်မှုပါ။ ဈေးကွက်ထဲက ကြာရှည်ခံအောင် စီမံထားတဲ့ ကြက်ဥတွေထက် မိမိမွေးမြူထားတဲ့ ကြက်တွေဆီကနေ နေ့စဉ်ရရှိတဲ့ ဥလတ်လတ်ဆတ်ဆတ်လေးတွေရဲ့အရသာနဲ့ အာဟာရတန်ဖိုးကို ဘာနဲ့မှ မလဲနိုင်ပါဘူး။ အထူးသဖြင့် ကလေးသူငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဒီလတ်ဆတ်တဲ့ အာဟာရက သူတို့ရဲ့ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်တာကို ကျွန်မတို့ မြင်တွေ့နေရပါတယ်။

ဦးနှောက်ဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့ Choline ဓာတ်နဲ့ မျက်စိကျန်းမာရေးအတွက် အဓိကကျတဲ့ Lutein ဓာတ်တွေဟာ ကြက်ဥထဲမှာ ကြွယ်ဝစွာ



ပါဝင်နေတာပါ။ ကျွန်မတို့ မိသားစုဟာ နေ့စဉ် ကြက်ဥကို အစားအစာတစ်မျိုးအဖြစ် အသုံးပြုခြင်းအားဖြင့် ကျန်းမာရေးကို ထိန်းသိမ်းနေသလို ပိုလျှံတာတွေကို ပြန်လည်ရောင်းချခြင်းကလည်း ဝင်ငွေအပိုတစ်ခုကို ဖန်တီးပေးပါတယ်။

**မွေးမြူရေးလုပ်ငန်းကို စနစ်တကျ လုပ်ဆောင်ဖို့အတွက်တော့ နည်းပညာဗဟုသုတတွေ လိုအပ်ပါတယ်။ ကာကွယ်ဆေးနဲ့ ပုံမှန်ဆေးဝါးကုသမှုကို ဂရုစိုက်ရမယ်။ ခြံထဲက အညစ်အကြေးတွေကို သန့်ရှင်းပေးရမယ်။ ဒီအချက်လေးတွေကို လိုက်နာမယ်ဆိုရင် ကြက်တွေရဲ့ဥနှုန်းကလည်း မြင့်မားလာမှာပါ။ ဥနှုန်းမြင့်မားလာလေ ကျွန်မတို့ရဲ့တွက်ခြေကိုက်မှုက ပိုမိုခိုင်မာလာလေပါပဲ။**

### လုံလောက်တဲ့အလင်းရောင်ပေးရင် ကြက်တွေ ပိုဥ

ဥစားကြက်တွေရဲ့ ဥနှုန်းကို မြှင့်တင်ဖို့ဆိုရင် အလင်းရောင်နဲ့ အပူချိန်ကိုလည်း ဂရုစိုက်ပေးရပါမယ်။ နေ့ခင်းဆို နေရောင်ခြည်ရအောင်၊ ညဘက်ဆိုလည်း လုံလောက်တဲ့ အလင်းရောင်ပေးရင် ကြက်တွေ ပိုဥတယ်ဆိုတာ သိထားဖို့လိုပါတယ်။ အထူးသဖြင့် ဆောင်းရာသီမှာဆို ကြက်ခြံအပူချိန် မကျအောင် အကာအရံလေးတွေ လုပ်ပေးထားရင် ကြက်တွေက ဥနှုန်းမကျဘဲ ပုံမှန်ဥပေးနေမှာပါ။

နောက်ပြီးတော့ ကိုယ့်ကြက်ခြံကရတဲ့ ကြက်ချေးတွေကို သဘာဝမြေသြဇာအဖြစ် ပြန်သုံးလို့ ရပါသေးတယ်။ ဒါက အိမ်မှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူတွေအတွက် တကယ့်ကို အကျိုးရှိတာပါ။ ဓာတုမြေသြဇာတွေအစား သဘာဝမြေသြဇာသုံးတော့ အပင်လေးတွေလည်း ပိုသန်မာလာတာပေါ့။

**စနစ်တကျသာ မွေးမြူမယ်ဆိုရင် ဥစားကြက်တစ်ကောင်က တစ်နှစ်ကို ဥပေါင်း ၂၈၀ ကနေ ၃၀၀ အထိ ဥနိုင်ပါတယ်။ ဒီပမာဏဆိုရင် မိသားစုစားဖို့အတွက်တင်မကဘဲ ပိုလျှံတာကို ရောင်းချပြီး နှစ်စဉ်ဝင်ငွေတစ်ခုကိုပါ ပုံမှန်ရနေမှာပါ။ ဒီလိုဝင်ငွေလေးရှိနေတော့ မိသားစုစီးပွားရေးအတွက်လည်း အများကြီး အထောက်အကူဖြစ်တာပေါ့။**

ဒီလုပ်ငန်းက အလုပ်အကိုင်အခွင့်အလမ်းတွေကိုလည်း ဖန်တီးပေးနိုင်ပါတယ်။ လူငယ်တွေအနေနဲ့ နည်းပညာနဲ့ စီမံခန့်ခွဲမှုအားဖြင့် ဒီလုပ်ငန်းကို လုပ်ကိုင်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းငယ်တစ်ခုအဖြစ် အောင်မြင်စွာ တည်ထောင်နိုင်မှာပါ။ ခေတ်မီနည်းပညာတွေကို အသုံးပြုလာတဲ့အခါ အမြတ်အစွန်းကလည်း ပိုပြီးထိရောက်လာတာကို တွေ့ရပါလိမ့်မယ်။

အဓိကကတော့ ဥစားကြက်မွေးမြူရေးဆိုတာ လူမှုအသိုင်းအဝိုင်းအတွက် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာကို ထောက်ပံ့ပေးနိုင်တဲ့ လုပ်ငန်းတစ်ခုပါပဲ။ ဈေးကြီးတဲ့ အသားတွေအစား ကြက်ဥကို အစားထိုးစားသုံးမယ်ဆိုရင် ကျန်းမာပြီး ငွေကုန်သက်သာတဲ့ နေထိုင်မှုပုံစံတစ်ခုကို ကျွန်မတို့ တည်ဆောက်နိုင်ပါတယ်။

### ဈေးကွက်အခြေအနေကို အမြဲလေ့လာဖို့လို

မွေးမြူရေးသမားတွေအနေနဲ့ကတော့ ဈေးကွက်အခြေအနေကို အမြဲလေ့လာဖို့လိုပါတယ်။ ကြက်ဥဈေးနှုန်း၊ အစာဈေးနှုန်း ပြောင်းလဲမှုတွေအပေါ် မူတည်ပြီး မိမိရဲ့မွေးမြူရေးစနစ်ကို ပြောင်းလဲပေးခြင်းဖြင့် အမြတ်အစွန်းပိုရအောင် လုပ်ဆောင်နိုင်ပါတယ်။ ဈေးကွက်ကို နားလည်ထားခြင်းက မွေးမြူရေးသမားတိုင်းအတွက် အရေးကြီးတဲ့အရည်အချင်းတစ်ခုပါပဲ။

ပြီးတော့ ဥစားကြက်မွေးရတာ အခက်အခဲလေးတွေ ရှိနိုင်ပါတယ်။ ရောဂါကူးစက်တာမျိုး၊ အစာဈေးနှုန်း အတက်အကျမျိုးတွေပေါ့။ ဒါပေမဲ့ နည်းပညာပိုင်း ဗဟုသုတနဲ့ ရင်ဆိုင်ကျော်လွှားလို့ ရပါတယ်။ မွေးမြူရေးလောကမှာ ပြောကြတဲ့အတိုင်း "ကြိုတင်ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်တယ်" ဆိုတာကို အမြဲမှတ်ထားသင့်ပါတယ်။

ကိုယ်တိုင်လုပ်ကိုင်တဲ့အခါမှာတော့ အဆင်မပြေတာလေးတွေ၊ အခက်အခဲလေးတွေရှိစမြဲပါ။ ဒါပေမဲ့ ကျွန်မတို့က အဲဒီအထဲမှာပဲ သင်ခန်းစာတွေရှာပြီး ကြက်လေးတွေရဲ့ အပြုအမူကို အနီးကပ်ကြည့်ရှုရင်း ပိုပြီးတော့ နားလည်လာကြပါတယ်။ ဒီလိုနားလည်မှုကပဲ ကျွန်မတို့ရဲ့လုပ်ငန်းကို ပိုပြီးတော့ အောင်မြင်စေခဲ့ပါတယ်။

ကြက်တွေရဲ့ အမူအရာကိုကြည့်ပြီး သူတို့ ဘာလိုအပ်နေလဲ၊ ဘယ်အချိန်မှာ အစာပိုလိုသလဲ ဆိုတာကို သိရှိနိုင်လာခြင်းဟာ မွေးမြူရေးသမားတစ်ယောက်အတွက် ပီတိဖြစ်စရာ အကောင်းဆုံးအခိုက်အတန့်ပါပဲ။ ဒီလိုမျိုး နီးနီးကပ်ကပ် ဂရုစိုက်ပေးခြင်းက ကြက်တွေကို ပိုမိုယဉ်ပါးစေပြီး ဥနှုန်းကိုလည်း တိုးတက်စေပါတယ်။

ကျွန်မတို့ဟာ ကြက်တွေကို အစာကျွေးရင်းနဲ့ပဲ အိမ်နောက်ဖေးခြံဝင်းလေးထဲမှာ စိတ်အေးချမ်းမှုတွေကို ရှာဖွေတွေ့ရှိပါတယ်။ နေ့စဉ်ရရှိတဲ့ ကြက်ဥလေးတွေဟာ ကျွန်မတို့ရဲ့ ပင်ပန်းမှုတွေကို အစားထိုးပေးနိုင်တဲ့ ဆုလာဘ်တွေပါပဲ။ ဒီလိုမျိုး ပျော်ရွှင်မှုတွေနဲ့ လုပ်ငန်းကိုတည်ဆောက်တာဟာ အသက်ရှည်စေဖို့နဲ့ စိတ်ကြည်လင်ဖို့အတွက် အကောင်းဆုံးပါပဲ။

နောက်ဆုံးမှာတော့ ကျွန်မတို့ရဲ့ ကြိုးစားမှုတွေဟာ မိသားစုစားပွဲဝိုင်းပေါ်မှာ အာဟာရပြည့်ဝတဲ့ အစားအစာတွေအဖြစ် ပြောင်းလဲသွားတဲ့အခါ အားလုံးရဲ့မျက်နှာမှာ ပြုံးရွှင်မှုတွေကို မြင်တွေ့ရပါတယ်။ ဒါဟာ ဘာနဲ့မှမလဲနိုင်တဲ့ စိတ်ကျေနပ်မှုတစ်ခုပါ။

### ကျန်းမာသန့်စွမ်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်နိုင်

**နောက်ဆုံးပြောချင်တာကတော့ ဥစားကြက်မွေးမြူခြင်းဆိုတာ စီးပွားရေးအရပဲ အကျိုးရှိတာ မဟုတ်ဘဲ မိသားစုကျန်းမာရေးအတွက်ပါ အများကြီး အကျိုးရှိစေတဲ့ လုပ်ငန်းလေးတစ်ခုပါ။ အိမ်နောက်ဖေးနေရာလေးနည်းနည်းကို အကျိုးရှိရှိလေး အသုံးချပြီး ကိုယ်တိုင်မွေးထားတဲ့ လတ်ဆတ်တဲ့ ကြက်ဥလေးတွေကို နေ့တိုင်းစားသုံးမယ်ဆိုရင် ကျန်းမာသန့်စွမ်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်နိုင်မှာပါ။**

နောက်ပြီး ကျွန်မ လေ့လာမှတ်သားမိသလောက်ဆိုရင် ဒီလုပ်ငန်းဟာ စတင်ဖို့ အရင်းအနှီးသိပ်မလိုပေမယ့် ရလဒ်ပိုင်းမှာတော့ အလွန်ကျေနပ်ဖို့ကောင်းပါတယ်။ ကိုယ်တိုင်ဖန်တီးနိုင်တဲ့ ဘဝရဲ့ အသေးအမွှားလေးတွေကနေပဲ ကြီးမားတဲ့ပျော်ရွှင်မှုတွေကို ရရှိနိုင်တယ်ဆိုတာကို ကျွန်မတို့ တဖြည်းဖြည်းချင်း သဘောပေါက်လာပါတယ်။

ကြက်ဥမှာပါတဲ့ အာဟာရဓာတ်တွေ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုတွေနဲ့ စားဝတ်နေရေးအတွက် အထောက်အကူပြုပုံတွေကို ပြန်စဉ်းစားကြည့်ရင် ဥစားကြက်မွေးမြူရေးဟာ လက်ရှိကာလမှာ တကယ့်ကို အကောင်းဆုံးရွေးချယ်မှုတစ်ခုပါပဲ။ ဒါကြောင့် ဒီလုပ်ငန်းကို စိတ်ဝင်စားတဲ့သူတွေအနေနဲ့ အခြေခံနည်းပညာလေးတွေကို အရင်လေ့လာပြီး စတင်လုပ်ကြည့်ဖို့ တိုက်တွန်းချင်ပါတယ်။ ကိုယ်တိုင်လုပ်ကိုင်လိုက်တဲ့အတွက် မိမိတို့ရဲ့ဘဝအတွက်သာမကဘဲ ပတ်ဝန်းကျင် လူမှုအသိုင်းအဝိုင်းအတွက်ပါ အကျိုးပြုနိုင်မယ်ဆိုတာကို အသိပေး တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

> **ဥစားကြက်မွေးမြူခြင်းဆိုတာ စီးပွားရေးအရပဲ အကျိုးရှိတာမဟုတ်ဘဲ မိသားစုကျန်းမာရေးအတွက်ပါ အများကြီးအကျိုးရှိစေတဲ့လုပ်ငန်းလေးတစ်ခုပါ။ အိမ်နောက်ဖေးနေရာလေးနည်းနည်းကို အကျိုးရှိရှိလေးအသုံးချပြီး ကိုယ်တိုင်မွေးထားတဲ့ လတ်ဆတ်တဲ့ကြက်ဥလေးတွေကို နေ့တိုင်းစားသုံးမယ်ဆိုရင် ကျန်းမာသန့်စွမ်းတဲ့ မိသားစုဘဝလေးကို တည်ဆောက်နိုင်**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးခရိုင် ကဝမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းများ လာရောက်ပြုလုပ်နေသည့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ကဝမြို့နယ် (၁)ရပ်ကွက် အတွင်းရှိ မိုးစပါးစိုက်လယ်မြေများ စုပေါင်းထွန်ယက်နေမှုနှင့် အုန်းနဲ့စံပြကျေးရွာရှိ အစိုးရစက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ယင်းနောက် ကဝမြို့နယ် မုဒုကျေးရွာအုပ်စုရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါ်အေးရင်၏ ဥစားကြက်ကောင်ရေ ၅၀၀၀၀ မွေးမြူထားရှိမှုနှင့် သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းရပ်ကွက်ရှိဦးခင်ဇော်၏ "ထက်ခိုင်" သဘာဝဘဲသားဖောက်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဇီဝလုံခြုံရေးနှင့် တိရစ္ဆာန်အစာအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကိုယ်တိုင်ထုတ်လုပ်မွေးမြူနိုင်ရေး ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## ကယားပြည်နယ်ဝန်ကြီးချုပ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

လွိုင်ကော် ဇွန် ၉

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဒေါ်နိုးကူး ရပ်ကွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (လွိုင်ကော်) သင်တန်းကျောင်း ခန်းမဆောင်၌ လွိုင်ကော်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ဦးစွာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကျောင်းဖွင့်လှစ်နိုင်ရန်အတွက် ဝန်ထမ်းများ စုဖွဲ့ထားမှု၊ ကျောင်းဆောင်များ ပြင်ဆင်ထားမှု၊ ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ ပြင်ဆင်ထားရှိမှု၊ ပစ္စည်းစတိုနှင့် ရိက္ခာဂိုဒေါင်များတွင် ဆန်၊ ဆီ၊ ပဲ၊ ဆားများ သိုလှောင်ထားရှိမှုနှင့် စာကြည့်တိုက်၊ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် မွေးမြူထားသည့် ဥစားကြက်မွေးမြူရေးခြံနှင့် ဟင်းသီး ဟင်းရွက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးအတွက် ဆန်၊ စားသုံးဆီအပါအဝင် တည်ဆောက်ရေးပစ္စည်းများ ဆက်လက်ပို့ဆောင်

နေပြည်တော် ဇွန် ၉

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့တွင် ထိခိုက်ပျက်စီးခဲ့မှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အမြန်ဆုံးစီမံဆောင်ရွက်သွားရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများပါဝင်သည့် ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအနေဖြင့် သက်ဆိုင်ရာနယ်မြေဒေသများသို့ အရောက်ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့သို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား စားနပ်ရိက္ခာအခက်အခဲမရှိစေရေးအတွက် ကနဦးစီစဉ်မှုအဖြစ် စားသုံးဆီ ၁၀ တန်နှင့် ဆန်တန်ချိန် ၅၀၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံတို့ကို တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော်လေယာဉ်များဖြင့် သွပ် ၁၀ တန်၊ ဘိလပ်မြေ ၅ ဒသမ ၅ တန်၊ သွပ်ရိုက်သံ ၁၂၃ ပိဿာ၊ ရော်ဘာဝါရှာ တစ်ဖာတို့ကို မန္တလေးမြို့မှ ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့နိုင်ရေး၊ ဒေသ၏လိုအပ်ချက်များအပေါ်မူတည်၍ ထပ်မံဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ် မေ ၂၄ ရက်မှ ဇွန် ၉ ရက်အထိ ပေးပို့ထောက်ပံ့ပြီးစီးမှု စုစုပေါင်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျပ်သန်း ၃၀၀၀၊ စားသုံးဆီ ၁၀ တန်၊ ဆန်တန်ချိန် ၅၀၊ မိသားစုသုံးပစ္စည်းစုံနှင့် တစ်ကိုယ်ရေသုံးပစ္စည်းစုံ အိမ်ထောင်စု ၆၀၀ စာ၊ ဘိလပ်မြေတန် ၂၀၊ အမိုး သွပ်တန် ၂၀၊ သွပ်ရိုက်သံ ၂၄၆ ပိဿာနှင့် ဆက်စပ်ပစ္စည်းများကို ပို့ဆောင်ပေးထားကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်





## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၉

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ကျင်းပသည်။

ဦးစွာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဝမ်းမြောက်စရာ အခြေအနေတစ်ခုအနေဖြင့် မြန်မာနိုင်ငံ၏ (၁၇) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ပြီးခဲ့သည့်မေလအတွင်း၌ APJG က ပြန်လည်ပေးပို့ခဲ့သည့် Final Factual Check အရ မိမိတို့၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် Action Item 6.2၊ 7.2 နှင့် 8.1 တို့ကို Partly Addressed အဆင့်မှ Largely Addressed အဆင့်သို့ ကနဦးအနေဖြင့် တိုးမြှင့်သတ်မှတ်ပေးထားကြောင်း သိရှိရသည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းခဲ့ကြသည့် တာဝန်ရှိသူ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအားလုံးကို ချီးကျူးဂုဏ်ယူပါကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး (Mutual Evaluation–ME) နှင့်စပ်လျဉ်း၍ ပြင်ဆင်သင့်သည့်အချက်များအား ကြိုတင်ပြင်ဆင်ထားကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးဖြစ်သည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရဲမှူးချုပ် ဇော်လင်းထွန်းက မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်ကျန်ရှိသည့် Action Item နှစ်ခုနှင့် Mutual Evaluation (ME) လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြွှာပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေး နှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။



## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တက္ကသိုလ်စီမံခန့်ခွဲရေးစနစ် ဆော့ဖ်ဝဲလ်ပြုစုရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၉**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် uab ဘဏ်မှ အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းက ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် တက္ကသိုလ်နေ့သင်တန်းနှင့် အဝေးသင်ကျောင်းသားများအနေဖြင့် ဗဟိုဘဏ်၏ MMQR စနစ်ရှိ မည်သည့် Pay စနစ်ဖြင့်မဆို ကျောင်းလခ ပေးသွင်းခြင်းကို တက္ကသိုလ်စီမံခန့်ခွဲရေးစနစ် ပထမအဆင့် နှစ်နှစ်တာကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေကို ဦးစွာပြန်လည်သုံးသပ် ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးတိုးတက်မှုအတွက် uab bank မှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးရာ ဆရာ ဆရာမ ရာထူးတိုးပြောင်းကိစ္စ၊ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေး၊ ကျောင်းခေါ်ချိန်ကောက်ယူရေးစသည့် တက္ကသိုလ်စီမံခန့်ခွဲရေးကိစ္စများကို ဒီဂျစ်တယ်စနစ်ဖြင့် ကူးပြောင်းဆောင်ရွက်သွားနိုင်ရေးအတွက် ဆော့ဖ်ဝဲလ်တွင်လိုအပ်ချက်များ ထပ်မံဖြည့်စွက်ရေးသားပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံနိုင်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်သည် ဇွန် ၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် သီလဝါအထူးစီးပွားရေးဇုန်ရှိ PEB Steel Myanmar Co., Ltd. ပိုင် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့် စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် SP Petpack Inter Group Co., Ltd. ပိုင် စက်ရုံတွင် ကော်ပုံးအမျိုးမျိုး ထုတ်လုပ်နေမှု၊ Guston Amava Co.,Ltd ပိုင် စက်ရုံအတွင်း အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ Ball Asia Pacific (Yangon) Metal Container Limited ပိုင် အလူမီနီယံ ဘူးခွံထုတ်လုပ်သည့်စက်ရုံနှင့် Lightion Myanmar Co., Ltd. ပိုင် အီလက်ထရောနစ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်သည့်စက်ရုံများ လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ One Stop Service Center (OSSC) တွင် တာဝန်ထမ်းဆောင်နေသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စေရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## တောင်တွင်းကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**တောင်တွင်းကြီး ဇွန် ၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခြင်းကို တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ အထက(ကုက္ကိုခွ)၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါကျောင်းရှိ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များအား ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တောင်တွင်းကြီးမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူ ၁၂၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **နောင်နောင်(ဗိသုနိုးမြေ)**

## သဃ်န်းကျွန်းမြို့နယ်၌ အခြေခံစာရင်းရေး စာရင်းကိုင် သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် မြို့နယ်သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက် နံနက်ပိုင်းက သဃ်န်းကျွန်းမြို့နယ် ကမာကြည်လမ်း သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီ ဓမ္မာရုံ၌ ကျင်းပသည်။

**သင်ကြားပို့ချ**

ဦးစွာ သဃ်န်းကျွန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှမျိုး၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးနိုင်၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်စိုးတို့က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၈ ရက်မှ ၁၂ ရက် အထိ ငါးရက်ကြာ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၄၈ လုံးဖြိုချဖျက်ဆီးပြီးဖြစ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၉**

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၄၈ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့်ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၉ လုံးကိုလည်း ဆက်လက်၍စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်သည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၉ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇွန် ၉**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်(တိုင်ပေ)နိုင်ငံသား ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦးနှင့် ပါကစ္စတန် နိုင်ငံသား နှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. David Leonard Hatumena နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ Taipei Economic and Cultural Office in Myanmar မှ Deputy Director Mr. Leonid Cheng-Yu Chang နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၉ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၀၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၄၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။



လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၃ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦး ရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၅၀၁ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခ ရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရေကြည်မြို့နယ်၌ လူထုကျန်းမာရေးလုပ်သားနှင့် အရန်သားဖွားဆရာမ မွမ်းမံသင်တန်းဖွင့်လှစ်

**ရေကြည် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အတွင်း ကျေးရွာများရှိ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများနှင့် အရန်သားဖွားဆရာမများအား မွမ်းမံသင်တန်းပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရေကြည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များ၊ ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့ပြီး သင်တန်းကို နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး သံဖြူဇရပ်မြို့နယ်၌ ကျောင်းဆောင်သစ်နှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန တည်ဆောက်မည့်မြေနေရာ ကြည့်ရှုစစ်ဆေး



မော်လမြိုင် ဇွန် ၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် ကျောင်းဆောင်သစ်၊ သိပ္ပံဆောင်၊ စာကြည့်တိုက်များ တိုးချဲ့တည်ဆောက်ရန် လျာထားမြေနေရာများနှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာန တည်ဆောက်မည့်မြေနေရာတို့ကို ဇွန် ၈ ရက် မွန်းလွဲပိုင်းက မွန်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် သံဖြူဇရပ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (စက်စဲ)၊ အခြေခံပညာအထက်တန်းကျောင်း (ကျုံကဒတ်)၊ အခြေခံပညာ မူလတန်းကျောင်း(အောင်ကုသိုလ်)တို့သို့ရောက်ရှိပြီး ကျောင်းဆောင်သစ်၊ သိပ္ပံဆောင်၊ စာကြည့်တိုက်များ တိုးချဲ့တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် ဖောင်စိန်ကျေးရွာ မိခင်နှင့်ကလေးကျန်းမာရေးဌာန တည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် အလျား ၁၅၇ ပေ အနံပေ ၁၂၀ မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## အစားအသောက်လုပ်ငန်းများအား ဘေးအန္တရာယ်ဖြစ်နိုင်ခြေအရ နမူနာကောက်ယူစစ်ဆေးခြင်းကို ဇွန်လလယ်မှ စတင်ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၉

အစားအသောက်လုပ်ငန်းများအား ဘေးအန္တရာယ်ဖြစ်နိုင်ခြေအရ နမူနာကောက်ယူစစ်ဆေးခြင်းကို ဇွန်လလယ်မှ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ကြေညာထားသည်။

FDA အနေဖြင့် ပြည်တွင်းအစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်(လုပ်ငန်းသစ်/သက်တမ်းတိုး) လျှောက်ထားလာသော လုပ်ငန်းများကို ညွှန်ကြားချက် (၆/၂၀၂၅) နှင့်အညီ ထောက်ခံချက်များ ထုတ်ပေးလျက်ရှိသည်။

ထို့အပြင် နမူနာကောက်ယူစစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ထောက်ခံချက်ထုတ်ပေးပြီးနောက်ပိုင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၁၅ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အစားအသောက် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

**MT**

## ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ



ပဲခူး ဇွန် ၉

ဥပဒေရေးရာဝန်ကြီးဌာန၏ ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်သော ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအခမ်းအနားကို ဇွန် ၆ ရက်က ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ဥပဒေအရာရှိများအနေဖြင့် ဥပဒေအရာရှိကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာခြင်းဖြင့် ပြည်သူများ၏ ယုံကြည်အားကိုးမှု ပိုမိုရရှိစေရေးကို ဖော်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေအရာရှိနှင့် ကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့များက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများအား ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအရာရှိ ကျင့်ဝတ်ဆိုင်ရာများကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။**ခရိုင်(ပြန်/ဆက်)**

## တောင်ငူမြို့၌ မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

တောင်ငူ ဇွန် ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်အဆင့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲတွင် တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် "မြန်မာအမျိုးသမီးများ၏ စွမ်းအားနှင့် ဂုဏ်သိက္ခာ" ခေါင်းစဉ်ဖြင့် ကျောင်းသူ ၅၆ ဦး၊ အထက်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် "မြန်မာအမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှု" ခေါင်းစဉ်ဖြင့် ကျောင်းသူ ၄၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ စာစီစာကုံးပြိုင်ပွဲဝင် ကျောင်းသူများအား တောင်ငူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး အားဖြည့်အချိုရည်များ ဝေငှခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## နောင်ချိုမြို့၌ ငွေကျပ် ၅၇၀၃ ဒသမ ၇၅ သိန်းတန်ဖိုးနှင့် တပ်ကုန်းမြို့နယ်၌ ငွေကျပ် ၃၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၉

နောင်ချိုမြို့တွင် ငွေကျပ် ၅၇၀၃ ဒသမ ၇၅ သိန်းတန်ဖိုးနှင့် တပ်ကုန်းမြို့နယ်တွင် ငွေကျပ် ၃၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် နံနက် ၁၁ နာရီတွင် နောင်ချိုမြို့ ပါဟက်ရပ်ကွက်အနီး မန္တလေး-လားရှိုး သွားကားလမ်းတွင် သီပေါမြို့နယ် ဆောင်ကြဲကျေးရွာနေ စိုင်းလှဝင်း (၂၉)နှစ် မောင်းနှင်ပြီး သီပေါမြို့နယ် ကုန်းမုံကျေးရွာနေ စိုင်းဆိုင်ခေး(၂၄)နှစ် လိုက်ပါလာသော LINCOLN NAVICATOR ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ၎င်းတို့နှစ်ဦး သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၇၅၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၇၀၃ ဒသမ ၇၅ သိန်း) သိမ်းဆည်းရမိသဖြင့် စိုင်းလှဝင်းနှင့် စိုင်းဆိုင်ခေးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။



တရားခံ စိုင်းလှဝင်းနှင့် စိုင်းဆိုင်ခေးတို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့နောက် ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီတွင် တပ်ကုန်းမြို့နယ် မရိုးကုန်းကျေးရွာနေ ဇော်ကြီး(၄၇)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာကျေးရွာနေ ကိုထက်(၂၇)နှစ်အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၅ သိန်း) သိမ်းဆည်းရမိပြီး ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် တစ်ရွာတည်းနေ တင့်ဇော်(ခ) ဇော်ကြီး(၄၅)နှစ်၏ နေအိမ်အား ဆက်လက်ဝင်ရောက် ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၀၀)အား ထပ်မံ သိမ်းဆည်းရမိသဖြင့် ဇော်ကြီး၊ ကိုထက်နှင့် တင့်ဇော်(ခ) ဇော်ကြီးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ညောင်လေးပင်မြို့နယ်၌ စာစီစာကုံးပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ ကျင်းပ



ညောင်လေးပင် ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက အထက (၂)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီးကြပ်လမ်းညွှန်မှုဖြင့် စာစီစာကုံးပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦးက မြန်မာအမျိုးသမီးများ၏ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှု၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၂ ဦးက မြန်မာအမျိုးသမီးများ၏စွမ်းအားနှင့် ဂုဏ်သိက္ခာခေါင်းစဉ်၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ကိုးဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၇ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ပုဂ္ဂလိကဆေးရုံများ၌ မီးဘေးကြိုတင်ကာကွယ်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်ထားရှိမှု စစ်ဆေးခြင်း၊ ဆေးရုံဝန်ထမ်းများအား မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးများ လက်တွေ့အသုံးပြုလေ့ကျင့်ပညာပေးခြင်းများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသီဟအောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဇွန် ၈ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ခံစစ်ဆင်ထားသည့် ဆင်မြေဘုန်းကြီးကျောင်းအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများကပြည်သူလူထု၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများတွင် စစ်စခန်းအဖြစ်အသုံးပြုခဲ့ပြီး ဖျက်ဆီးခဲ့မှုများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများကပြည်သူလူထု၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများတွင် စစ်စခန်းအဖြစ်အသုံးပြုခဲ့ပြီး ဖျက်ဆီးခဲ့မှုများကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူလူထု၏နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများတွင် ပစ်ကျင်းများ၊ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်၍ စစ်စခန်းအဖြစ် အသုံးပြုခဲ့မှုကို တွေ့ရစဉ်။

☆ ကျောဖုံးမှ

ဒေသခံပြည်သူများသည် ကုန်စည်ပစ္စည်းများကို ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူစားသုံးရခြင်း၊ လုံခြုံအေးချမ်းမှုမရှိဘဲ နေထိုင်ရခြင်းများကို ကြုံတွေ့ခံစားနေကြရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရသည့် အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ငါးလုံးတင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် တာဝန်သိ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ငါးလုံးတင်ကျေးရွာရှိ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter–Terrorism Operation)ဖြင့် တိုက်ခိုက်ချေမှုန်းရန်အတွက် ချောင်းဦးမြို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများဆောင်ရွက်ပြီး စစ်ကြောင်းများခွဲကာ ဇွန် ၅ ရက်မှစတင်၍ တိုက်ခိုက်ချေမှုန်းခဲ့ရာ ဇွန် ၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မှန်ချိုကျေးရွာအားလည်းကောင်း၊ ဇွန် ၈ ရက်တွင် ဂူကြီးဘုန်းကြီးကျောင်းနှင့် ဆင်မြေကျေးရွာတို့အားလည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ငါးလုံးတင်ကျေးရွာနှင့် ဝန်းကျင်တစ်ဝိုက်အားလည်းကောင်း အသီးသီးပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် အကျအဆုံးများစွာဖြင့် ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားကြောင်းနှင့် အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်းနှစ်လောင်း၊ လက်နက်မျိုးစုံလေးလက်၊ လက်လုပ် Fixed Wing တစ်စင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် ငါးလုံးတင်ကျေးရွာအား စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်စဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ လူနေအိမ်များတွင် သဲအိတ်များစီ၍ ခံစစ်ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများအား ဖမ်းဆီးခြင်း၊ လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE)နှင့်အညီ ပြည်သူလူထု၏ တိုက်တာ၊ အိုးအိမ်များ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး ထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ငါးလုံးတင်ကျေးရွာအား စစ်စခန်းအဖြစ်အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်လျက်ရှိသော အကြမ်းဖက်သမားများအား အပြီးတိုင် တိုက်ထုတ်ပေးနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများက တပ်မတော်စစ်ကြောင်းများအား ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူလျက်ရှိကြောင်း၊ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှား ရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန်　ဇွန်　၉**

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းများအနက်မှ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း အစီအစဉ်ဖြင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မှော်ဘီမြို့နယ် တပ်ကြီးကုန်းကျေးရွာအုပ်စု ပေတရာအပိုင်း ကျောင်းကြီးကျောင်းတိုက်၌ ဇွန် ၈ ရက်က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းစိုးက အမှာစကား ပြောကြားခြင်းနှင့် ခရိုင် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ဌာန၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်း နည်းပညာသင်တန်းကို ဇွန် ၉ ရက်မှ ဇူလိုင် ၈ ရက်အထိ အခြေခံသင်တန်းနှင့် ဇူလိုင် ၁၆ ရက်မှ ၃၀ ရက်အထိ မွမ်းမံသင်တန်းများကို စာတွေ့၊ လက်တွေ့ သင်ကြားဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် သင်တန်းသားငါးဦးကို သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဘုတ်ပြင်းမြို့နယ်၌ လူထုကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်

**ဘုတ်ပြင်း　ဇွန်　၉**

ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက လူထုကျန်းမာရေးလုပ်သားသင်တန်းကို ဇွန် ၈ ရက်က တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘုတ်ပြင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းကိုက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းကျော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်းတန်းကို ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းနည်းပြများက ဇွန် ၈ ရက်မှ ၁၉ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ အခြေခံမွေးမြူရေး (စားမြုံ့ပြန်သတ္တဝါ)သင်တန်းဖွင့်

**တပ်ကုန်း　ဇွန်　၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ အခြေခံမွေးမြူရေး(စားမြုံ့ပြန်သတ္တဝါ)ဆိုင်ရာ အသိပညာနှင့်နည်းပညာပေးသင်တန်းကို ဇွန် ၈ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာငွေးထိုက်က အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းသား ၂၀ အား အခြေခံမွေးမြူရေး(စားမြုံ့ပြန်သတ္တဝါ)ဆိုင်ရာ ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်များကို ဇွန် ၈ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**တင်စိုးလွင်**

## ချောင်းဆုံမြို့နယ်၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းဆိုင်ရာ အသိပညာပေးဟောပြော

ချောင်းဆုံ ဇွန် ၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြည်နယ်လူမှုဝန်ထမ်းရုံးမှ ဦးဆောင်၍ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းဆိုင်ရာ မိဘအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ချောင်းဆုံမြို့ မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ကလေးငယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးရေးဆိုင်ရာအကြောင်းအရာများနှင့် ကျန်းမာရေးမှူး အဆင့်(၁) ဦးမြင့်ဝင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကလေးသူငယ် ကျန်းမာဖွံ့ဖြိုးရေးပြုစုပျိုးထောင်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



ကိုကျော်(ချောင်းဆုံ)



## အင်္ဂပူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေး

အင်္ဂပူ ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အထကတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂပူမြို့နယ် ဦးစီးမှူး ဦးသိန်းရင်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ထုတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ ဥပဒေရေးရာနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

ပေါင် ဇွန် ၉

မွန်ပြည်နယ် ပေါင်မြို့နယ် အထက ထန်းပင်ချောင်ကြီးကျောင်း၌ ဥပဒေရေးရာနှင့် မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။



ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မြင့်ထွန်းက မူခင်းကျဆင်းရေး၊ ပေါင်မြို့နယ် ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ကလေးအလုပ်သမား ပပျောက်ရေး၊ ပေါင်မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်စိုးသန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏အကျိုးကျေးဇူး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းထက်ထက်ဟန်က သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မြို့နယ် တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသီတာစိုးက ရာသီတုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

## မြောင်းမြမြို့၌ ဝါးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

မြောင်းမြ ဇွန် ၉

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်သုဒဿနတန်ဆောင်းကြီး၌ ယနေ့နံနက်ပိုင်းက ဝါးလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ဖွင့်လှစ်သင်ကြားသည်။



အခမ်းအနားတွင် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးမောင်မောင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ကိုကိုတို့က အမှာစကားပြောကြားသည်။

ထို့နောက် မြောင်းမြခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဝေဝေလင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဦးထွန်းထွန်းဦးကသင်တန်းတွင် ပို့ချမည့်သင်ခန်းစာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တို့အား ဇွန် ၉ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)



## မိုင်းပန်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

မိုင်းပန် ဇွန် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မြို့မကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်နှင့်အဖွဲ့၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးသူအောင်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်ထုတ်ပေး

တောင်ကြီး ဇွန် ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းနှင့် တောင်ကြီးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထူးအောင်တို့သည် ဇွန် ၈ ရက်က တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ တောင်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများမှ အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၈၂၀ အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။



ထို့နောက် နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့်UIDကတ်တို့ကို ကျောင်းသား ကျောင်းသူများထံသို့ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

## ကျောက်ဖြူမြို့၌ တောင်သူများအား မျိုးစပါးများ ပေးအပ်ခြင်း အခမ်းအနားပြုလုပ်



ကျောက်ဖြူ ဇွန် ၉

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ တောင်သူများအား မျိုးစပါးများ ပေးအပ်ပွဲကို ဇွန် ၆ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူး သန်းဇော်က အမှာစကားပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက မိုးစပါး တစ်ကေပန်းတိုင်အထွက်နှုန်းရရှိစေရေး ဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများက မျိုးစပါးများ ပေးအပ်ကြသည်။

ကျောက်ဖြူမြို့ ပြင်ဖြူမော်ရပ်ကွက်၊ တောင်ရင်းရပ်ကွက်၊ လေပွေ့ရပ်ကွက်၊ ဂုံးချွိန်ကျေးရွာနှင့် အုန်းတောကျေးရွာတို့မှ တောင်သူများအား GW-11၊ မော်ဘီ-၃၊ အောင်နိုင်တိုး၊ ဆင်းသွယ်လတ် စသည့်မျိုးစပါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး(ပြန်/ဆက်)

## ရွှေတောင်မြို့နယ်၌ ဇီဝမီးသွေးမြေဩဇာ ထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသ

ရွှေတောင် ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် ဒေသခံတောင်သူများအား ဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့ပြသခြင်းကို ဒေါင်းဇွန်ကျေးရွာဇရပ်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးအောင်က ဇီဝမီးသွေးမြေဩဇာ ပြုလုပ်ရာတွင်



စပါးခွံများအား မဲသွားရုံသာ အပူပေးရမည့် လုပ်နည်းအဆင့်ဆင့်တွင် လိုအပ်သည့် ပစ္စည်းထည့်သွင်းအသုံးပြုရန် နှုန်းထားများ၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဇီဝမီးသွေးမြေဩဇာ ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ပြသခဲ့သည်။

ဇီဝမီးသွေးမြေဩဇာ ပြုလုပ်နည်း လက်တွေ့သရုပ်ပြခြင်းကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူ ၇၀ ခန့်က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း (ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ဝင်အသင်းများအား ကြိုဆိုမိတ်ဆက်



တောင်ကြီး ဇွန် ၉

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ဝင်အသင်းများအား ကြိုဆိုကြသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီး ဒေါ်နန်းခမ်းလူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက စားစရိတ်ငွေများပေးအပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အသင်း တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းသိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

**❍ AYA Tri Nation Cup မှ**

ခြေစွမ်းပြသနိုင်ပြီး ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း မိနစ်ပိုင်းအတွင်း ဂိုးပြန်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို တစ်ဦးသာပြောင်းလဲခဲ့ပြီး ခင်မာလာထွန်း၊ မေထက်လှူ၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ နော်ထက်ထက်ဝေတို့နှင့် လူစုံခဲ့သည်။ မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည့် မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့ပြီး ထိုင်းဂိုးပေါက်ကို ခြိမ်းခြောက်ခဲ့သည်။ ထိုင်းအသင်းကလည်း သရေအထိ ချန်ပီယံဆုရယူနိုင်မည်ဖြစ်သော်လည်း ခံစစ်ပိတ်မကစားဘဲ အပြန်အလှန်တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၅၁ မိနစ်တွင် ရှုပါခိုင်၏ ဖြတ်တင်ဘောမှတစ်ဆင့် တိုက်စစ်မှူး မေထက်လှူက ခေါင်းတိုက်ပြီး မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၅၅ မိနစ်တွင် သာဝမ်ဝတ်က ထိုင်းအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားသဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ ပွဲပြီးခါနီးတွင် ရှုပါခိုင်၏ အပိုင်ကန်သွင်းမှု၊ ဇင်မိုးပြည့်၏ အနီးကပ်ပိတ်သွင်းမှုများ ဂိုးမဖြစ်ခဲ့သဖြင့် မြန်မာအသင်း အနိုင်ဂိုးနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ရမှတ်လေးမှတ်ဖြင့် ချန်ပီယံ၊ ဥဇဘက်ကစ္စတန်အသင်းက သုံးမှတ်ဖြင့် ဒုတိယ၊ မြန်မာအသင်းက တစ်မှတ်ဖြင့် တတိယရရှိခဲ့သည်။ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပထမဆုရ ထိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ချန်ပီယံဆုဖလား ချီးမြှင့်ပြီး အကောင်းဆုံးဂိုးသမားဆုကို သီချာနန် (ထိုင်း)၊ အကောင်းဆုံးကစားသမားဆုကို ပတ်သာရာနန် (ထိုင်း) တို့က ရရှိခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်**

**❖ ဖိလစ်ပိုင်မှ**

နှစ်သင်းစလုံး ဂူအမ်ကို ဂိုးပြတ်အနိုင်ရထားသဖြင့် ယခုပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်နေပြီး ဂိုးကွာခြားချက်အသာရထားသည့် မြန်မာအသင်းသည် သရေကစားနိုင်ရုံဖြင့် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သော်လည်း ဂိုးပြတ်အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသော်လည်း ပွဲပြီးခါနီး ၁၀ မိနစ်ဝန်းကျင်အတွင်း ဂိုးများဆက်တိုက်ပေးလိုက်ရကာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်လာပြီး ဆန်းဆက်နိုင် (ဂိုး)၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ နန္ဒကျော်၊ ဖွဲ့ခန့်မင်း၊ ဝေလင်းအောင်၊ ဇော်ဝင်းသိန်း၊ မြတ်ကောင်းခန့်၊ မောင်မောင်လွင်၊ မင်းမော်ဦး၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲအစပိုင်းတွင် အပြန်အလှန်ကစားနိုင်ပြီး မိနစ် ၄၀ ကျော်အထိ ဂိုးမပေးရသော်လည်း ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ဂိုးစတင်ပေးခဲ့ရသည်။ ဖိလစ်ပိုင်အသင်းအတွက် ဂိုးများကို ၄၅+၁ မိနစ်တွင် ဂျက်ဖာဆွန်တာဘီနက်စ်၊ ၅၄ မိနစ်တွင် ပေါတာဘီနက်စ်၊ ၈၀၊ ၉၀+၁ မိနစ်တွင် ဆီဘာစတန်ဘာရာကို၊ ၈၉ မိနစ်တွင် လီပေါ့တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၃ မိနစ်တွင် ဝင်းနိုင်ထွန်းက သွင်းယူခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဖိလစ်ပိုင်အသင်းက ခြောက်မှတ်ဖြင့် ပထမ၊ မြန်မာအသင်းက သုံးမှတ်ဖြင့် ဒုတိယ၊ ဂူအမ်အသင်းက နှစ်ပွဲစလုံးရှုံးပြီး တတိယနေရာတွင် ရပ်တည်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# မြန်မာ့ရိုးရာ လက်ဝှေ့နည်းပြဆရာသင်တန်းဖွင့်

ရန်ကုန် ဇွန် ၉

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်သည့် မြန်မာ့ရိုးရာလက်ဝှေ့နည်းပြဆရာသင်တန်း(အခြေခံ) အမှတ်စဉ် ၁/၂၀၂၆ ဖွင့်လှစ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဦးစွာမြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇင်ဦးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် နည်းပြသင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ကြသည်။ ထို့နောက် မြန်မာနိုင်ငံရိုးရာမွေအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးဝဏ္ဏက နည်းပြကျင့်ဝတ်များနှင့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ နည်းပြသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေကြီး၊ ပဲခူးတိုင်းဒေသကြီး ကလပ်များမှ ရိုးရာလက်ဝှေ့ကစားသမားနည်းပြ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာ**




# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှု လျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကော့ကရိတ်မြို့၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ကော့ကရိတ် ဇွန် ၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် အသက်(၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

